မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၉၅)

ဆက်ကပ်လှူဒါန်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ ဆီမီးနှင့် ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ပြင်ဦးလွင်မြို့ပေါ်ရှိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁၇

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ပေါ်ရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက် ယနေ့နံနက် ၉ နာရီခွဲတွင် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်စေတီတော်ဂန္ဓကုဋိတိုက်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❐ **နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်။**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ကျရာတာဝန်ကို ကျေပွန်စွာ ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြင်ဦးလွင်မြို့ ခုတင် (၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ဧပြီလ ၁၆ရက်နေ့ နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများနှင့် ဆရာဝန်၊ ဆရာမများအား လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် နိုင်ငံတစ်ဝန်း ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ပေးလျက် ရှိသည်။

နယ်မြေဒေသအလိုက် လူဦးရေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေနှင့် လိုအပ်ချက်အပေါ်မူတည်ပြီး ဆေးရုံများ အဆင့်တိုးမြှင့်ပေးခြင်းကို နိုင်ငံတော်က စီမံဆောင်ရွက်ပေးခဲ့သည်။ ထိုကဲ့သို့ အဆင့်တိုးမြှင့်ဖော်ဆောင်ရာတွင် ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ပြင်ဦးလွင်မြို့ ခုတင် (၃၀၀)ဆံ့ ပြည်သူ့ဆေးရုံနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

"ကျန်းမာရေးကုသစောင့်ရှောက်မှု အပိုင်းအရ ပြင်ဦးလွင်တောင်ပေါ် အပန်းဖြေစခန်း၌ လာရောက်အပန်းဖြေရင်း ဆေးကုသမှုခံယူလိုသူများအနေဖြင့် ဆေးကုသမှုခံနိုင်အောင်လည်း ဤဆေးရုံကို ခေတ်မီဆေးရုံကြီးအဖြစ် အဆင့်မြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သာမန်အပန်းဖြေစခန်းမြို့အဖြစ်သာမက အေးချမ်းစွာ အနားယူဆေးကုသမှုခံယူနိုင်သည့် မြို့ဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရန် ဖြစ်ကြောင်း"

မြွက်ကြားသွားခဲ့သည်။

ပြင်ဦးလွင်မြို့ကို ပြည်သူများ စိတ်လက်ကြည်နူးအေးချမ်းစွာ အနားယူအပန်းဖြေနိုင်သည့် တောင်ပေါ်အပန်းဖြေစခန်းမြို့ ဖြစ်စေရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြင်ဦးလွင် ပြည်သူ့ဆေးရုံကို အဆင့်အတန်းမြင့်မားလာစေရန်အတွက် ဖွဲ့စည်းမှုအပိုင်း၊ ဆေးရုံနှင့် ဆေးပညာအပိုင်းအပြင် သူနာပြုဆရာမများ၊ ဆရာဝန်များ၊ အထူးကုပါရဂူများ လေ့ကျင့်မွေးထုတ်ပေးခြင်း၊ ခေတ်မီကုသရေးကိရိယာများ ပံ့ပိုးပေးခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံအပါအဝင် နိုင်ငံတစ်ဝန်းရှိဆေးရုံများ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်သည့် ဆေးရုံများဖြစ်လာစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများအားလုံးက ကျရာတာဝန်ကိုကျေပွန်စွာ ဝိုင်းဝန်းအားထုတ် ကြိုးပမ်းထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၈-၄-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ မြတ်ဘုရားဒေသနာ ပဋိစ္စသမုပ္ပာဒ်အခြေခံ
- ၄း၅၀ ၄။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၅။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅း၂၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၃၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၃။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း–၄၁)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ English Usage
- ၁၈။ ဗွီစီဒီကျော်ကြားတေးများ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** (အပိုင်း–၁၉)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် (၄၃)လမ်း အမှတ် (၁၀၃) ပထမ ထပ်နေ ဒေါက်တာကျော်စွာလင်း–ဒေါက်တာခင်လေးနိုင်တို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တ ဇဋိလထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နီ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရွှေ့နေချုပ်ဦးအေးမောင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၁၇

ရှေ့နေချုပ် ဦးအေးမောင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထူးအုပ်ချုပ်ရေးဒေသ မကာအိုမြို့၌ ဧပြီ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် တရုတ်–အာဆီယံ ရှေ့နေချုပ်များ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဧပြီ ၁၅ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆို

ရှေ့နေချုပ် ဦးအေးမောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ဦးမြင့်နိုင်နှင့်ဦးထွန်းထွန်းဦး၊ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ရုံးအဖွဲ့မှူး ဦးဝီရှူးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြသည်။ **(ဝဲပုံ)**

ရှေ့နေချုပ် ဦးအေးမောင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးတီခွန်မြတ်၊ ဒုတိယညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးကျော်ဆန်းနှင့် ဦးဇော်လင်းမောင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဒဂုံအထက(၁)ခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို မတ်၃၀ရက်က ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးတင်ကိုက ဟောပြောစဉ်။

(ခရိုင် ပြန်/ဆက်)

လက်ပံတန်းမြို့ ဦးစိန်ကျောင်း နှစ် ၁၀၀ ပြည့် ကျင်းပမည်

ရန်ကုန် ဧပြီ ၁၇

၁၉၀၇ခုနှစ်၌ ဆရာကြီးဦးစိန် စတင်တည်ထောင်ဖွင့်လှစ်ခဲ့သော ဦးစိန်ကျောင်း (ယခုအခြေခံပညာအလယ်တန်းကျောင်း–မြို့မ)သည် ၂၀၀၇ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ပြီ ဖြစ်သည်။ နှစ် ၁၀၀ ပြည့် အခမ်းအနားကို မေ ၁၉ရက် (စနေနေ့) နံနက်၉နာရီတွင် လက်ပံတန်းမြို့ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဆက်သွယ် လှူဒါန်းလိုသူများသည် ဒေါ်စန်းနွဲ့ (ရန်ကုန်) ဖုန်း–၀၁–၆၆၄၆၁၇၊ ဒေါ်သန်းဆွေ (ရန်ကုန်) ဖုန်း–၀၁–၅၆၁၉၆၀၊ ဦးကျော်မင်း (လက်ပံတန်း) ဖုန်း–၀၅၃–၃၂၃၄၉နှင့် ဒေါ်တင်တင်လှ (အလက–လက်ပံတန်း) ဖုန်း–၀၅၃–၃၂၀၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၃၆၉ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကောင်းမှုတွေတစ်ဝေဝေနဲ့ တောင်းဆုတွေခြွေ

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်

မြန်မာနှစ်ဆန်းတစ်ရက်က ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ဘုရားဖူးပြည်သူများ ဤသို့ စည်ကားစွာတွေ့ရသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မဟာဝိဇယစေတီတော်

မြန်မာနှစ်ဆန်း တစ်ရက်က မဟာဝိဇယစေတီတော်တွင် ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

လူကြီးများအား ကန်တော့

မြန်မာနှစ်ဆန်း တစ်ရက်က ဆူးလေစေတီတော် ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများက လူကြီးများအား ကျက်သရေဆောင်ခန်းမ၌ ကန်တော့ကြစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ

မြန်မာနှစ်ဆန်း တစ်ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ဘိုးဘွားများအား ခေါင်းလျှော်၊ လက်သည်း ခြေသည်းညှပ်ပေးခြင်းဖြင့် ကုသိုလ်ယူကြစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဇီဝိတဒါနငါးလွှတ်

မြန်မာနှစ်ဆန်းတစ်ရက်က စွယ်တော်မြတ်မင်္ဂလာကန်တော်တွင် ဝတ်အဖွဲ့များက ဇီဝိတဒါန ဤသို့ ငါးလွှတ်ခဲ့ကြသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပဒေသာပင် ဆွတ်ခူးပွဲတော်

မြန်မာနှစ်ဆန်း တစ်ရက်က မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့ အကြိမ်(၄၀)မြောက် နှစ်သစ်မင်္ဂလာပဒေသာပင် ဆွတ်ခူးပွဲတော် ကျင်းပစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

18-4 (03) 1 4/18/07, 1:58 PM

မဟာဇေယျသိဒ္ဓိအောင်ဘုန်းပွင့် မျှော်တော်ရောင်စေတီတော် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့်ဓမ္မာရုံရေစက်ချမဟာမင်္ဂလာအခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ယင်းတိုက်ပင်အုပ်စု အမှတ်(၂) စစ်မှုထမ်းဟောင်းကျေးရွာ(သဲဖြူ)ရှိ မဟာဇေယျသိဒ္ဓိအောင်ဘုန်းပွင့် မျှော်တော်ရောင်စေတီတော် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ဓမ္မာရုံရေစက်ချမဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးသည်။

တက်ရောက်ကြည်ညို

မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကင်း ဓမ္မိကာရာမ ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသန အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဌာနချုပ်ဌာနချုပ်မှူးနှင့်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

သီလယူ

ထို့နောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကင်း ဓမ္မိကာရာမ ကျိုက်ပိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ပရိတ်ရေ၊ပရိတ်သဲ နှင့် ပရိတ်ချည်များကိုပြန်လည်ယူဆောင်ကြပြီး စေတီတော် ဝတ္ထုကံပရိဝုဏ်တွင် ပက်ဖျန်းချည်နှောင်ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ မဟာဇေယျသိဒ္ဓိအောင်ဘုန်းပွင့် မျှော်တော်ရောင်စေတီတော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အားရည်စူး၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက်ပိကျောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ထို့နောက်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က မဟာဇေယျသိဒ္ဓိအောင်ဘုန်းပွင့် မျှော်တော်ရောင်စေတီတော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့ကို စေတီတော်အားရည်မှန်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ကျိုက်ပိကျောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် စေတီတော်မြတ်ကြီးအတွက် အလှူရှင်များဖြစ်ကြသော ဦးအောင်မွန်-ဒေါ်လှလှမော်(မြင့်အောင်မြတ် ဆန်စပါးစိုက်ပျိုးရေးကုမ္ပဏီ)က ငွေကျပ်သိန်း ၁၈၀၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း မိသားစု(သီရိကုဋေကြွယ်ကုမ္ပဏီ)က ငွေကျပ်သိန်း၉၀၊ ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း)က ငွေကျပ်သိန်း ၅၀၊ ဦးအောင်ဇော်မြင့် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါက်တာမြတ်မြတ်အုန်းခင် မိသားစု(ရွှေဝါလင်းကုမ္ပဏီ)က ငွေကျပ်သိန်း ၄၀၊ ဦးနောင်နောင်-ဒေါ်ဥမ္မာစိန်၊ ဦးမျိုးကျော်-ဒေါ်ဝါဝါသိန်း (ရွှေဝါလင်းကုမ္ပဏီ)က ငွေကျပ်၃၈သိန်း၊ ဦးဝင်းမောင်(တောင်ကြီး) ကြေးသွန်းပညာရှင်က ငွေကျပ် ၃၂၅၀၀၀၀၊ ဒေါက်တာကိုကိုကြီး (မန်နေဂျင်း ဒါရိုက်တာ၊ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်)၊ ဦးဇော်ဝင်း(အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း)၊ ဦးရုံးမှူ(Green Light ကုမ္ပဏီ)၊ ချယ်ရီဦးမိသားစု(ရန်ကုန်)နှင့် ဦးမောင်မောင်(ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)တို့က ငွေကျပ်သိန်း ၂၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးဝင်းမောင် (ငြိမ်း)နှင့်ဇနီးဒေါ်တင်တင်ဝင်းမိသားစု (ရန်ကုန်)နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ငွေကျပ်၁၀သိန်းစီ၊ မစ္စတာ ဝမ်းကျားယွီ-ဒေါ်ခိုင်ခိုင်ဝင်း(နိုင်မွန်သံချောင်းထုတ်လုပ်ရေးကုမ္ပဏီလီမိတက်ရွှေပြည်သာ)က ငွေကျပ်ခုနစ်သိန်း၊ ဦးသန်းထွန်းဦး(ထွန်းသန်းစက်မှုလက်မှုလုပ်ငန်း)၊ ဦးသန်းအောင်မိသားစု(စော်ဘွားကြီးကုန်း)၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်)နှင့် ရန်ကုန်တိုင်း စည်ပင်နယ်နိမိတ်အတွင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့တို့က ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့အခမ်းအနားတွင် အလှူရှင်များက လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၉၇၉၆၆၃၃၂ ဖြစ်သည်။

ထို့နောက် ဗိသုကာအင်ဂျင်နီယာများကိုယ်စား ဦးနွယ်ဦးက မဟာဇေယျသိဒ္ဓိအောင်ဘုန်းပွင့် မျှော်တော်ရောင်စေတီတော်မြတ်ကြီးအား ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

တင်လှူပူဇော်

မဟာဇေယျသိဒ္ဓိ အောင်ဘုန်းပွင့် မျှော်တော်ရောင်စေတီတော်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်စဉ်။
(သတင်းစဉ်)

တောင်းပန်လွှာဖတ်ကြား

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက စေတီတော်မြတ်ကြီးတည်ထားရာ၌ မှားယွင်းမှု၊ မပြည့်စုံမှုများရှိပါက ခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်လွှာကိုဖတ်ကြားပြီး အခမ်းအနားပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ပူဇော်

ထို့နောက် အခမ်းအနားဒုတိယပိုင်း ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကိုတင်လှူပူဇော်ခြင်းကို မဟာဇေယျသိဒ္ဓိအောင်ဘုန်းပွင့်မျှော်တော်ရောင်စေတီတော်ရင်ပြင်၌ ကျင်းပရာ စေတီတော်၌ တင်လှူမည့် စိန်ဖူးတော်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေကလည်းကောင်း၊ ငှက်မြတ်နားတော်ကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးကလည်းကောင်း၊ ဖွန်း၊ ဆတ်သွားဖူးနှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများကလည်းကောင်း၊ အရံစေတီတော်များ၏ထီးတော်များကို အလှူရှင်များကလည်းကောင်း ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြပြီး ရွှေထီးတော်တင် မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ပင့်ဆောင်

ယင်းနောက် စေတီတော်၏ ရွှေထီးတော်ဘုံ အဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တပ်မတော်(လေ)မြဲလေယာဉ်ကုသိုလ်ဖြစ်ထီးတော်တင်အဖွဲ့ မင်္ဂလာရထားပျံဖြင့် စေတီတော်အထက်သို့ ပင့်ဆောင်ရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ထိုအချိန်တွင် အခမ်းအနားမှူးက မင်္ဂလာအခါတော်ကြားစာတမ်းကို ဖတ်ကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စေတီတော်၏ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ပြီး နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်သည်၊ ထိုအချိန်တွင် အခမ်းအနားမှူးက ဇယမင်္ဂလာအောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

ရွှေမိုးငွေမိုးရွာ

ထို့နောက် အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များက ရွှေမိုးငွေမိုးရွာသွန်းကြသည်။

ယင်းနောက် အစီအစဉ်တတိယပိုင်း ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းကို စေတီတော် အနောက်ဘက်မုခ်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက်ပိကျောင်းဆရာတော်ဦးဆောင်သော သံဃာတော်အရှင်သူမြတ်များက စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ရေစင်သွန်းဖျန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စေတီတော်မြောက်ဘက်မုခ် ဓမ္မာရုံအနီး၌ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ပြီး ရေစင်သွန်းဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့က ဗောဓိပင်အား ရေစင်သွန်းဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

မဟာစည်သာသနာ့ရိပ်သာ(၁၀)နှစ်ပြည့်တရားစခန်း

ရန်ကုန် ဧပြီ ၁၇

ပုဇွန်တောင်မြို့နယ် လယ်တီစံမဟာစည်သာသနာ့ရိပ်သာတရားစခန်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၂၁ရက် မွန်းလွဲ ၂နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ ကျေးဇူးရှင် ကမ္မဋ္ဌာနာစရိယဆရာတော်များ၊ ဓမ္မကထိကဆရာတော်များအားလှူဒါန်းပူဇော်ရန်နှင့် အခမ်းအနားတွင် ဧည့်ခံစရိတ်များနှင့် (၁၀)နှစ်ပြည့်အထိမ်းအမှတ်စာစောင်ထုတ်ဝေရေးအတွက် ဖုန်း-၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(၃၅၂)

ဂုဏ်ပြုလှူဒါန်းပေးအပ်

မြန်မာနှစ်ဆန်းတစ်ရက်နေ့က မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၁) ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းမိသားစုနှင့် ဆရာ၊ ဆရာမများ စုပေါင်း၍ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)တိုးချဲ့မြေကွက်သစ်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရနှင့် ဒေါက်တာ အရှင်ဝိစိတ္တတို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၂၅၉)

ဌာနဆိုင်ရာဝန်ထမ်းများ ပြည်သူအပေါ် မမှန်မကန်မပြုနိုင်ရေး ထိခိုက်နစ်နာသူဘက်က နည်းလမ်းတကျ တိုင်ကြားနိုင်ရေး လမ်းဖွင့်ပေး မြန်မာ့မီးရထားမှ ပြစ်မှုကျူးလွန်သူများ၊ မသမာမှုပြုသူများအရေးယူ

ရန်ကုန် ဧပြီ ၁၇

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုပြုနိုင်ရေးအတွက် အထက်အကြီးအကဲများ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဝန်ကြီးဌာနများက ပြည်သူလူထု၏ အကျိုးကို ကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သော နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

လမ်းကြောင်းများဖွင့်ပေး

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း ပြည်သူလူထုအပေါ် မမှန်မကန်မပြုနိုင်ရေးအတွက် ထိခိုက်နစ်နာသူဘက်က နည်းလမ်းတကျ တိုင်ကြားနိုင်သည့် လမ်းကြောင်းများကို ဖွင့်ပေးလျက်ရှိသည်။ တိုင်ကြားမှုတိုင်းအပေါ် စနစ်တကျ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ မှန်ကန်ပါက ထိရောက်စွာအပြစ်ပေး အရေးယူလျက်ရှိသည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများအရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ ပြစ်မှုကျူးလွန်သူများ၊ မသမာမှုပြုသူများအား အရေးယူအပြစ်ပေးမှုများ ရှိခဲ့သည်။

ပြစ်ဒဏ်များချမှတ်

နေပြည်တော်-မန္တလေး ရထားလက်မှတ် မှောင်ခိုရောင်းချမှုဖြင့် နေပြည်တော်ဘူတာမှ ဘူတာစာရေးသုံးဦးအား ထုတ်ပယ်ခြင်း၊ တရားစွဲဆိုထောင်ဒဏ်အပြစ်ပေးခြင်း၊ တိုင်းပြောင်းရွှေ့ခြင်း၊ နှစ်တိုးလစာတစ်ရစ်ဖြတ်တောက်ခြင်း ပြစ်ဒဏ်များကို လည်းကောင်း၊ ကနဲ့သတ်ကုန်ပစ္စည်းများ တင်ဆောင်မှုအပေါ် တန်ဆာခအပိုကြေးတောင်းခံမှုဖြင့် လားရှိုးဘူတာမှ ရုံပိုင်တစ်ဦး၊ ဘူတာစာရေးသုံးဦးတို့အား ရာထူးတစ်ဆင့် နှစ်နှစ်လျှော့ချခြင်း၊ တိုင်းပြောင်းရွှေ့ခြင်း ပြစ်ဒဏ်များကိုလည်းကောင်း၊ ရထားလက်မှတ်အပိုကြေးတောင်းခံမှုဖြင့် နှင်းပုလဲဘူတာမှ ရုံပိုင်တစ်ဦး၊ လုပ်သားတစ်ဦးတို့အား နှစ်တိုးလစာ တစ်နှစ်ဖြတ်တောက်ခြင်း၊ ထုတ်ပယ်ခြင်း ပြစ်ဒဏ်များကိုလည်းကောင်း၊ လက်မှတ် မှောင်ခိုရောင်းချမှုဖြင့် တောင်ငူဘူတာမှ ရုံပိုင်ကြီးတစ်ဦး၊ ရုံပိုင်တစ်ဦးတို့အားသတိပေးခြင်း၊ နှစ်တိုးလစာတစ်ရစ်ကို တစ်နှစ်ဖြတ်ခြင်း၊ တိုင်းပြောင်းရွှေ့ခြင်း ပြစ်ဒဏ်များကိုလည်းကောင်း ချမှတ်ခဲ့သည်။

ပြစ်ဒဏ်ချမှတ်

ထို့ပြင် လုပ်ပိုင်ခွင့်ထက်ကျော်လွန်၍ ဆောင်ရွက်မှုဖြင့် တိုင်းအမှတ်(၁၀) (ပုဂံဒေသ)မှ ဒုတိယကြီးကြပ်ရေးမှူး(သွားလာရေး)တစ်ဦးအား ရာထူးတစ်ဆင့်နိမ့်သို့ တစ်နှစ်လျှော့ချခြင်း ပြစ်ဒဏ်ကို လည်းကောင်း၊ ရထားလက်မှတ်အပိုကြေးရယူမှုဖြင့် မလှိုင်ဘူတာမှရုံပိုင်တစ်ဦးအား မှတ်တမ်းဝင်သတိပေးခြင်းပြစ်ဒဏ်ကို လည်းကောင်း၊ သာစည်-လှိုင်ကော် ရထားတွင် လုပ်ငန်းခွင်စည်းကမ်းမလိုက်နာမှုဖြင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု) တစ်ဦး၊ ကြီးကြပ်ရေးမှူးတစ်ဦး၊ တွဲပြင်လုပ်သားတစ်ဦး၊ အကူ တစ်ဦးတို့အား သတိပေးခြင်း၊ လစာတစ်ရစ် တစ်နှစ်ဖြတ်တောက်ခြင်း၊ တိုင်းပြောင်းရွှေ့ခြင်း ပြစ်ဒဏ်များကို လည်းကောင်း ချမှတ်ခဲ့သည်။

အရေးယူဆောင်ရွက်ခဲ့

အလားတူ ခရီးသည်၏ မှတ်ပုံတင်ကို ပျောက်ဆုံးစေမှုဖြင့် ပဲခူးဘူတာမှ ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး (ဘူတာစာရေး) နှစ်ဦးတို့အား ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းပြစ်ဒဏ်ကိုလည်းကောင်း၊ (၈၁) အဆန်ရထား လူစီးတွဲများပေါ်တွင် ပန်းနှင့်ပန်းသေတ္တာများတန်ဆာမဲ့ တင်ဆောင်မှုဖြင့် ပဲခူးဘူတာမှ ရုံပိုင်ချုပ်တစ်ဦး၊ လက်မှတ်စစ်အုပ်တစ်ဦး၊ လက်မှတ်သိမ်းတစ်ဦးတို့အား မှတ်တမ်းဝင်သတိပေးခြင်း၊ နောင်နှစ်တိုးထိခိုက်မှုမရှိစေဘဲ လစာတစ်ရစ် သုံးလစီဖြတ်တောက်ခြင်း ပြစ်ဒဏ်များကိုလည်းကောင်း ချမှတ်ခဲ့ပြီး ခရီးသည်များအား ရထားလက်မှတ်ပါရှိပါလျက် ရိုင်းပျစွာဆက်ဆံသည့် လက်မှတ်စစ်အချို့အား နှစ်တိုးလစာ ခြောက်လ ဖြတ်တောက်ခြင်း ပြစ်ဒဏ်များကိုလည်းကောင်း အသီးသီး ချမှတ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဝင်္ဂဘာလမ်းနေဦးသန်း၊ ဒေါ်ကျင်စိန်တို့အား ရည်စူး၍ သားသမီးများက ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆားလင်းကြီးတွင် အလယ်တန်းကျောင်းခွဲဖွင့် စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်

ဆားလင်းကြီးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်ပွဲနှင့် အလင်းသစ် စာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၄ ရက် နံနက်၉နာရီက တိုက်သရက်ကျေးရွာတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဝင်းတို့က အမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာကြီးက ကျောင်း၏သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလင်းသစ်စာကြည့်တိုက်အလှူရှင် ဦးမောင်-ဒေါ်သန်းခင်တို့က တန်ဖိုးငွေကျပ် ၁၆သိန်းကျော်တန်ဖိုးရှိ အလင်းသစ်စာကြည့်တိုက်အဆောက်အအုံနှင့် ပတ်သက်သော စာရင်းဇယားများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံကွန်ပျူတာသင်တန်း မြင်းမူ၌ဖွင့်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်လျက် မြို့နယ် ပညာအလင်း ခေတ်မီစာကြည့်တိုက် ကြီးကြပ်မှုကော်မတီက ကြီးမှူးပြီး အခြေခံ ကွန်ပျူတာ သင်တန်းအမှတ်စဉ် (၃/၂၀၀၇)သင်တန်းဖွင့်ပွဲကို မတ်၂၆ရက် ညနေ ၄နာရီက မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန၌ ကျင်းပသည်။ ရေးဦးစွာ မြို့နယ်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော် သောင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညိုအုန်းက သင်တန်းစည်းကမ်းများကို ရှင်းလင်း ပြောကြားပြီး သင်တန်း နည်းပြဆရာ ဦးမျိုးတင့်အောင်က သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ သင်တန်းသား ၁၀ ဦး တက်ရောက်ပြီး ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။(မြို့နယ် ပြန်/ဆက်)

ကြက်ဆူပင် စုပေါင်း ပျိုးထောင်ပွဲကျင်းပ

ဖားကန့်မြို့နယ် စုပေါင်းကြက်ဆူပင် စိုက်ပျိုးပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက လုံးခင်းကျေးရွာနှင့် ဆိပ်မူကျေးရွာတို့တွင် ကျင်းပသည်။

ကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲတွင် ဖားကန့်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ကျေးရွာများရှိ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများစုပေါင်းအင်အား ၂၀၀ခန့် ပါဝင်ပျိုးထောင်ပေးခဲ့သည်။ အဆိုပါပျိုးထောင်ပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား မြို့နယ်အတွင်းရေးမှူး ဦးမြဦးက တက်ရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးဟောပြော

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစီမံချက်အရ သွားနှင့်ခံတွင်းရောဂါကွင်းဆင်းကုသမှုနှင့် သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ကန့်ဘလူမြို့နယ် မြေဒူးတိုက်နယ်ဆေးခန်း၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာတင်စိုးက ကလေးငယ်များ သွားပေါက်ချိန် သွားထပ်ခြင်း၊ သွားမညီမညာဖြစ်ခြင်းတို့ကို ကြိုတင်ကာကွယ်နည်းနှင့် လိုက်နာဆောင်ရွက်ရန် နည်းစနစ်တို့ကိုလည်းကောင်း၊ သွားတိုက်ပုံနည်းစနစ်မှန်ကန်ရေးကိုလည်းကောင်း သရုပ်ပြဟောပြောသည်။ ထို့နောက် ကျောင်းသူကျောင်းသား ၅၀၉ဦးတို့၏ သွားနှင့်ခံတွင်းတို့ကို စမ်းသပ်စစ်ဆေးပြီး သွားရောဂါရှင် ၂၄ ဦးတို့အား ကုသပေးကြောင်း သိရသည်။ (ဝ၅၆)

ဟိုပင် အင်းလေးကျေးရွာအဝင် သစ်သားတံတားဖွင့်

ကချင်ပြည်နယ် ဟိုပင်မြို့နယ် အင်းလေးကျေးရွာအဝင် သစ်သားတံတား ဖွင့်ပွဲအခမ်းအနားကို မတ်၂၁ရက် နံနက် ၉နာရီက အဆိုပါတံတားထိပ် မုခ်ဦးမဏ္ဍပ်၌ကျင်းပရာ ဟိုပင်မြို့အုပ်ချုပ်ရေးမှူးဦးခိုင်မင်းကိုနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါတံတားကို ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ဘဏ္ဍာနှစ်တွင် တာဝန်ယူဆောက်လုပ်ခဲ့ရာ တံတားအရှည် ၃၅ပေ၊ အကျယ် ၁၀ပေနှင့် အမြင့် ၁၂ပေရှိကာ ကုန်ကျငွေ ၃၅သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

တီဘီရောဂါအကြောင်း ဟောပြော ပြည်သူများအား ရောဂါစမ်းသပ်ကုသပေး

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် တီဘီရောဂါကင်းဝေးဖို့ အားလုံးမနှေးဆောင်ရွက်စို့ဟူသောဆောင်ပုဒ်နှင့်အညီ ပညာပေးဟောပြောခြင်း၊ ရောဂါစမ်းသပ်ခြင်း၊ ဆေးဝါးကုသပေးခြင်း အခမ်းအနားကို မတ် ၂၄ ရက် နံနက်က မန္တလေးအောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ် ဖောင်တော်ဦးစေတီတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်မာဆောင်းက ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့နှင့် တီဘီရောဂါအကြောင်းသိကောင်းစရာများကိုပညာပေးဟောပြောသည်။ ထို့နောက်တီဘီရောဂါရှိ မရှိ ပြည်သူများအား စမ်းသပ်ပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ တီဘီရောဂါရှိသူများအား သလိပ်ခွက်ပေး၍ ရောဂါရှာဖွေပေးခြင်းများကို ဆောင်ရွက်ပေးကြသည်။ **(၁၆၂)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

ချင်းပြည်နယ် မင်းတပ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို မတ် ၂၅ ရက်နှင့် ၂၆ ရက်က မင်းတပ်မြို့နယ် ခွိုးရိန်ကျေးရွာ၊ တောင်ကုန်းကျေးရွာ၊ ပီးဟူကျေးရွာများတွင်ကျင်းပရာ ဒုတိယဦးစီးမှူး ဒေါ်နှင်းကြည်က ဝမ္မသူး၊ မနာတာကျေးရွာအုပ်စု စာကြည့်တိုက်ကော်မတီများ၊ ဒေသခံများနှင့်အတူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ခိုင်မာသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ဆွေးနွေးပြီး ပလိပ်ထွီကျေးရွာ၊ စဝ်ကောက်ကျေးရွာနှင့် ပီးဟူကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်များ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကျေးရွာချင်းဆက် လမ်းတံတားတည်ဆောက်

ကျေးလက်နှင့် မြို့ပြဆက်သွယ်ရေး ကျေးရွာချင်းဆက်လမ်းတံတားများကို ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်က ကောလင်း-အင်ပင်သာနှင့် အင်ပင်သာ-ဇီကုန်း ကျေးရွာချင်းဆက် လမ်းအရှည်ပေ ၂၂၅၀၊ အကျယ်ပေ ၂၀၊ မြေသားအမြင့် နှစ်ပေကို လူထုအင်အားဖြင့် တပျော်တပါး စုပေါင်းဆောင်ရွက်ကြသည်။ထို့ပြင် ဒေါင်းမြူးတံတားကို ဒေသဖွံ့ဖြိုးရေးလမ်းတံတားအဖြစ် အလျား ၇၃ ပေ၊ အနံ ၁၅ ပေ သစ်သားတံတားကို မတ် ၃၀၊ ၃၁ ရက်က စုပေါင်းတည်ဆောက်ကြသည်။ အဆိုပါ စုပေါင်းလမ်းတံတား တည်ဆောက်ရာသို့ ဇီကုန်းကျေးရွာ ဥက္ကဋ္ဌ ဦးဖိုးဆန်နှင့်အဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ကြသည်။ **(ဝ၂၆)**

ခြံစည်းရိုးကြက်ဆူဆီ ထုတ်လုပ်အသုံးချနည်း သရုပ်ပြ

ခြံစည်းရိုးကြက်ဆူဆီ (ဘိုင်အိုဒီဇယ်)ထုတ်လုပ်အသုံးချနည်း သရုပ်ပြပွဲနှင့် ရွှေရင်အေးမျိုးစပါးဖြန့်ဖြူးတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၉ရက် နံနက် ၁၀ နာရီက လှိုင်လင်မြို့နယ် ချိုခမ်းကျေးရွာ၌ကျင်းပရာ လှိုင်လင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေး တက်ရောက်ဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဌာန ဒုတိယကြီးကြပ်ရေးမှူး ဒေါ်အေးမို့မို့ထွန်းက ခြံစည်းရိုးကြက်ဆူဆီကို ဆီကြိတ်မှ အချောအဖြစ် သန့်စင်သွားရမည့် နည်းလမ်းလေးသွယ်ကို သရုပ်ပြရှင်းလင်းသည်။ ထို့နောက် ရွှေရင်အေးမျိုးစပါး စိုက်ပျိုးရေးအတွက် တာဝန်ပေးအပ်ခြင်းနှင့် မျိုးစပါးများပေးအပ်ခြင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်နှင့် တာဝန်ရှိသူများက ကျေးရွာတောင်သူ ၁၀ ဦးတို့အား ပေးအပ်သည်။ (ခရိုင် ပြန်/ဆက်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြို့တော်ဆေးခန်းဖွင့်ပွဲ တက်ရောက် ဆိုင်းဘုတ်စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆေးခန်းအတွင်းလှည့်လည်ကြည့်ရှု

ရန်ကုန် ဧပြီ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် အင်းစိန်လမ်းထောင့် (သမိုင်းလမ်းဆုံ)ရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပါဝင်ပူးပေါင်းဖွင့်လှစ်သည့် မြို့တော် ဆေးခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မြို့တော်ဆေးခန်း ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ မြို့တော်ဆေးခန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်-အင်းစိန်လမ်း ဘက်ရှိဆေးခန်းရှေ့၌ကျင်းပရာမြို့တော် ဆေးခန်းကို ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင်ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် ကာကွယ်ရေး ဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြို့တော်ဆေးခန်း ဆိုင်းဘုတ်ကို စက် ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများသည် မြို့တော်ဆေးခန်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဆေးခန်းသို့လာရောက်ပြသ ကြသော လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကားပြော ကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အလှူငွေပေးအပ်ပွဲကို မြို့တော်ဆေးခန်း ပထမထပ်၌ ကျင်းပ ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း က မြို့တော်ဆေးခန်း ဖွင့်လှစ်ရခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

အလှူငွေပေး

ယင်းနောက် အလှူငွေပေးအပ်ပွဲ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်က လှူဒါန်းငွေကျပ် ငါးသိန်း၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော် ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အလှူငွေကျပ်ငါးသိန်း၊ကျောက်စိမ်းနဂါး ကျောက်မျက်ရတနာ ကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ငွေကျပ်သိန်း ၅၀၊ Green Flower International Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးစန်းနောင်က ငွေကျပ် သိန်း ၅၀၊ Myanmar Distribution Group Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွန်းက ငွေကျပ် ၄၅၀၀၀၀၊ ဦးမျိုးသိန်းထွေး- (ငွေလင်းပိုင်ကုမ္ပဏီ) ကငွေကျပ်သိန်း ၂၀၊ ဒေင်ဂရုဖ်ကငွေကျပ် ၁၈ သိန်း၊ Myanmar Distribution Group Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မော်သိန်းက ငွေကျပ် ၁၀ သိန်း၊ ဦးဇော်ဇော်(မက်စ် မြန်မာ)က ငွေကျပ် ၁၀ သိန်း၊ ဦးလှရွှေ ဇနီးဒေါက်တာအိဖြူရွှေ (ကောင်းကြိုက် ဒံပေါက်မိသားစု)က ငွေကျပ်ငါးသိန်း၊ ကွယ်လွန်သူ ဖခင်ကြီး ဦးရှုရိန်အား ရည်စူး၍ ဒေါက်တာကြည်ကြည်သန်း (ကျန်းမာရေးဌာန) က ငွေကျပ် ၃၄၀၀၀၀၊ IDEA Inkjet Printing Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ကျော်ဦးက ငွေကျပ်နှစ်သိန်း၊ ဒေါက်တာ အေးဇော်သန်း-ဒေါက်တာ မြကြာ ဖြူနှင့် သမီးသဲသဲတို့က ငွေကျပ် ၁၂၀၀၀၀၊ ဦးလှဝေ-ဒေါ်ခင်ခင်လှိုင် မိသားစု (Ever Green အလှပြင် ဆိုင်) က ငွေကျပ်တစ်သိန်း၊ ဦးအောင် မြတ်က ရေသန့်စက်နှင့် ဓာတ်မှန် စက်တို့အား အသီးသီးပေးအပ် လှူဒါန်း ကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော် ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာအောင်သန်းက မြို့တော် ဆေးခန်းဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်သည်။

ဖွင့်လှစ်သွားမည်

အဆိုပါ မြို့တော်ဆေးခန်းသည် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း၊ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ ပါဝင်ပူးပေါင်းဆောင် ရွက်မှုဖြင့် ရဟန်း၊သံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ်မရွေး၊လူထုလူတန်းစားမရွေး၊ မိဘပြည်သူများကို ကိုယ်ရော စိတ်ပါ ကျန်းမာချမ်းသာစေရန်အခမဲ့ ကုသိုလ် ပြု ကျန်းမာရေးစောင့်ရှောက်ပေးသွား မည်ဖြစ်ပြီး ဆေးခန်းကို နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ တနင်္လာ နေ့မှ သောကြာနေ့အထိ ဖွင့်လှစ်ပေး သွားမည်ဖြစ်သည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြို့တော်ဆေးခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် အင်းစိန်လမ်းထောင့် သမိုင်းလမ်းဆုံရှိ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ ပါဝင်ပူးပေါင်းဖွင့်လှစ်သည့် မြို့တော်ဆေးခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း(၂)လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ ရွှေနေချုပ်ရုံးဓမ္မာရုံတွင် အသက် ၆နှစ်မှ ၁၂နှစ်အရွယ်၊ ကျောင်းသား၊ ကျောင်းသူ များအတွက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မေ ၂ရက်မှ ၁၇ရက်အထိ ဓမ္မဒါနဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ လူဦးရေကန့်သတ်ထား၍ ရွှေနေချုပ်ရုံးဓမ္မာရုံ၌ ဧပြီ ၂၁ရက်၊ ၂၂ရက်၊ ၂၈ရက်၊ ၂၉ရက်၊ ၃၀ရက်များတွင် နံနက် ၁၀နာရီမှ ညနေ ၄ နာရီအထိ လက်ခံသွားမည်ဖြစ်ပြီး ဖုန်း- ၃၇၂၅၃၂၊၂၅၂၇၂၄၊ ၃၈၄၅၁၆ နှင့် ၅၉၀- ၀၈၉ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်သစ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၁၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၂၂)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်တိုင်း သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ ကျင်းပရာ ဆိုင်ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက မော်တော်ယာဉ် သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက် ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရန်ကုန်မြို့နယ် နယ်နိမိတ်အတွင်း သဘာဝဓာတ်ငွေ့အရောင်းဆိုင်သစ်များ ဖွင့်လှစ်ခဲ့ရာ ဆိုင်အဟောင်းနှစ်ဆိုင် အပါအဝင် စုစုပေါင်း ၂၂ ဆိုင်ရှိသွားပြီ ဖြစ်သည်။ ယခုအခါသဘာဝဓာတ်ငွေ့ သုံး မော်တော်ယာဉ်များ၏ လိုအပ်ချက် ကို ဖြည့်ဆည်းနိုင်ရန် CNG အရောင်း ဆိုင်အသစ်များ အမြန်ဆုံးတိုးချဲ့ဖွင့်လှစ် သွားနိုင်ရေးအတွက် စက်ပစ္စည်းများ မှာယူထားရှိပြီးဖြစ်သည်။ ပစ္စည်းများ ရောက်ရှိလာပါက CNG ဆိုင်အသစ် များ ဆက်တိုက်ဖွင့်လှစ်ပေးသွားမည် ဖြစ်သည်။ အဆိုပါဆိုင်များမှ မော်တော် ယာဉ်သုံး သဘာဝဓာတ်ငွေ့များကို ၂၄ နာရီပတ်လုံး၊ အကန့်အသတ်မရှိ လိုသလောက် ရောင်းချပေးလျက်ရှိ ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း စွမ်းအင်ဝန်ကြီး ဌာန မော်တော်ယာဉ်သုံး သဘာဝ ဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ် (၀၂၂) ဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဧပြီ ၁၇

ဧပြီ ၁၆ ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီ မိနစ် ၃၀ ၄၈ စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင် စခန်း ၏ မြောက်ဘက်မိုင် ၂၂၀ ခန့် ကွာဝေး သော မြန်မာနိုင်ငံပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ် ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွား ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ် ပြန်သည်။ **(သတင်းစဉ်)**

လယ်ယာသတင်းအချက်အလက်များ ပြန့်ဝေမှုတွင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် စိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာဆိုင်ရာ စွမ်းရည်မြှင့်တင်

နေပြည်တော် ဧပြီ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့၌ ဧပြီ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည့် မဟာမဲခေါင် ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၄ ရက် နံနက် ၉ နာရီက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင် နိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့ ဘေဂျင်းဟိုတယ် ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ဧပြီ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပရာ အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ စိုက်ပျိုးရေး ဝန်ကြီးများ ခေါင်းဆောင်သည့် အဆင့်မြင့်အရာရှိများ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အခြားဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးမှု ရန်ပုံငွေအဖွဲ့ (IFAD)၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UN-ESCAP)၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန (IRRI) စသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စုံညီအစည်းအဝေး

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင် H.E. Mr. Hua Jianmin တက်ရောက်ဖွင့်လှစ် အမှာစကားပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေး ဝန်ကြီးများ အစည်းအဝေး၏ စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sun Zhengcaiနှင့် အာရှဖွံ့ဖြိုးရေး ဘဏ်မှ ဒုတိယဥက္ကဋ္ဌ Mr. Lawrence C. Greenwood တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများက မဟာမဲခေါင်ဒေသခွဲ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ မူဘောင်သဘောတူညီချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အဓိက စိုက်ပျိုးရေး အထောက်အကူပြု အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် ဝန်ကြီးများက ရှင်းလင်းတင်ပြသည့် မူဘောင်သဘောတူညီချက်နှင့် ဆောင်ရွက်မည့် အဓိက စိုက်ပျိုးရေး အထောက်အကူပြု အစီအစဉ်များနှင့် စပ်လျဉ်း၍ မိမိတို့အဖွဲ့ဝင် နိုင်ငံများအလိုက် ဆက်နွယ်သည့်ကိစ္စများ၊ ပါဝင် ဆောင်ရွက်မည့် ကဏ္ဍများကို ဆွေးနွေးတင်ပြကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးကလည်း အစီအစဉ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်မည့် ကိစ္စများကို ရှင်းလင်းပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့၌ ကျင်းပသည့် မဟာမဲခေါင် ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဗိုလ်ချုပ်ဌေးဦး မဟာမဲခေါင် ဒေသခွဲအဖွဲ့ဝင်နိုင်ငံများမှ စိုက်ပျိုးရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပါဝင်အထောက်အကူပြု

၎င်းမဟာမဲခေါင်ဒေသခွဲ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ မူဘောင်သဘောတူညီချက်နှင့် အဓိက စိုက်ပျိုးရေးအထောက်အကူပြု အစီအစဉ်များတွင် နယ်စပ်ဒေသ လယ်ယာထွက်ကုန်များ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့ရေး၊ လယ်ယာသတင်းအချက်အလက်များ ဖြန့်ဝေမှုတွင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ စိုက်ပျိုးရေး သိပ္ပံနှင့် နည်းပညာဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး၊ စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရန်အတွက် အရေးပေါ် အစီအစဉ်များ ချမှတ်ရေး၊ အဖွဲ့အစည်း အချင်းချင်း ဆက်သွယ်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှု နည်းလမ်းများ တိုးမြှင့် ဆောင်ရွက်ရေးစသည့် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများ ပါဝင်ကာ ၎င်းစီမံကိန်းများအား သုံးနှစ်တာ ကာလအတွင်း အာရှဖွံ့ဖြိုးရေးဘဏ် အပါအဝင် အခြားသော ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်း အသီးသီးက ပါဝင်အထောက်အကူပြု ဆောင်ရွက်မည် ဖြစ်သည်။

ပူးတွဲသတင်းထုတ်ပြန်

မဟာမဲခေါင်ဒေသခွဲ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးက ဖော်ပြပါ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်နှင့် အဓိကစိုက်ပျိုးရေး အထောက်အကူပြု အစီအစဉ်ကို အတည်ပြုသည်။

ထို့ပြင် အဖွဲ့ဝင်နိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ စီးပွားရေးနှင့်ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူ ချောမွေ့ရေး၊ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လာရေး၊ စိုက်ပျိုးရေး သတင်းအချက်အလက်များ အချင်းချင်းဖလှယ်ရယူ အသုံးပြုရေးအတွက် "မဟာမဲခေါင် ဒေသခွဲ စိုက်ပျိုးရေး သတင်းအချက် အလက် ကွန်ယက်"(Website)အား တရားဝင် စတင်ဖွင့်လှစ်သည့် အခမ်းအနားကို အစည်းအဝေး၏ အစီအစဉ် တစ်ရပ်အဖြစ် အဖွဲ့ဝင်နိုင်ငံ စိုက်ပျိုး ရေးဝန်ကြီးများက ဖွင့်လှစ်ပေးသည်။ ထို့နောက် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲသတင်း ထုတ်ပြန်ချက်ကို တရားဝင် ထုတ်ပြန် ကာ အစည်းအဝေးကို ရုပ်သိမ်းသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဧပြီ ၁၀ ရက် ညနေ ၄ နာရီ ၄၅မိနစ်တွင် ဘေဂျင်းဟိုတယ်ရှိအစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Sun Zhengcai နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံကြား စိုက်ပျိုးရေး ကဏ္ဍ၌ နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအခြေအနေများနှင့် ရှေ့ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့်အလား အလာတို့ကို ဆွေးနွေးကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးနည်းပညာ သင်တန်းသားများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပိုမိုစေလွှတ်သင်ကြားရေး၊ ဇီဝနည်းပညာ တိုးတက်ဖွံ့ဖြိုးရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ပီလောပီနံသီးနှံအပါအဝင် အခြားသော အစားထိုး ဇီဝလောင်စာ သီးနှံများ စိုက်ပျိုး ထုတ်လုပ်ရေး၌ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မည့် ရှေ့အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ (Chinna National IIcavy Machinery Corporation (CHMC), CGOC International Economic and Trading Co,.Ltd China National Machinery and Equipment Import and Export Corporation (CEMC), China National Complete Plant Import and Export Yunan Corporation (COMPLANT) တို့နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ရေအားလျှပ်စစ် ထုတ်လုပ် ရေးကိစ္စ၊ အစားထိုးစွမ်းအင်အနေဖြင့် ဇီဝလောင်စာသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကိစ္စအပါအဝင် အခြားပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဝန်ကြီးသည် ဧပြီ ၁၂ရက် မွန်းလွဲ၂နာရီတွင် ဘေဂျင်းမြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံး၌တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အပြည်ပြည်ဆိုင်ရာဌာနမှ ဒုတိယဝန်ကြီး H.E. Mr. Liu Hongcaiနှင့် တွေ့ဆုံလျက် မြန်မာနှင့် တရုတ်နှစ်နိုင်ငံရှိ လူငယ် အဖွဲ့အစည်းများအကြား ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေး၊ ဓါတ်မြေဩဇာ ထုတ်လုပ်သုံးစွဲမှုနှင့် ရေအားလျှပ်စစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကိုရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုး ချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း သာကေတမြို့နယ်အမှတ်၈၉၉ အောင်သပြေအရှေ့ (၁၀)လမ်း (၇)ရပ်ကွက်နေ နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးညွှန့်မောင်အားရည်စူး၍ ဇနီး ဒေါ်ညိမ်းလှ၊ သားကြီး ဦးသန်းဝင်းညွှန့်–ဒေါ်အေးအေးဝင်း၊ သားငယ် ဦးသိန်းဝင်းညွှန့်–ဒေါ်သီတာထွန်း၊ သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် နှစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

တိုင်ကြားမှုတိုင်းအပေါ် စနစ်တကျစုံစမ်းစစ်ဆေးမှုပြုလုပ် ပြစ်မှုကျူးလွန်သူများ၊ မသမာမှုပြုသူများ အရေးယူအပြစ်ပေးနေ

ရန်ကုန် ဧပြီ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် မှန်ကန်သည့်တာဝန်ထမ်းဆောင်မှုပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး ဝန်ကြီးဌာနများက ပြည်သူလူထု၏အကျိုးကို ကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သော နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက် ပေးလျက်ရှိသည်။

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအပေါ် မမှန်မကန် မပြုနိုင် ရေးအတွက်လည်း ထိခိုက်နစ်နာသူဘက်က နည်းလမ်းတကျ တိုင်ကြားနိုင်သည့် လမ်းကြောင်းများကို ဖွင့်ပေးလျက်ရှိသည်။ တိုင်ကြားမှုတိုင်း အပေါ်စနစ်တကျ စုံစမ်းစစ်ဆေးမှု ပြုလုပ်၍ မှန်ကန်ပါက ထိရောက်စွာ အပြစ်ပေးအရေးယူလျက် ရှိသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများအရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရန်ကုန်တိုင်းရုံးမှ အရာထမ်းရစ်ဦး၊ အမှုထမ်း ၃၀တို့အား လုပ်ငန်းလိုင်စင်လာရောက်ဆောင်ရွက်သည့် ပြည်သူများထံမှ တရားမဝင် အပိုကြေးငွေတောင်းခံခြင်းကိုသိလျက်နှင့် မတားမြစ်မှု၊ ဟန့်တားခြင်းမပြုဘဲ ကိုယ်တိုင်ပါဝင်ပတ်သက်မှုနှင့် လုပ်ငန်းလာရောက်ဆောင်ရွက်သူ ပြည်သူများက ပေးသည့် တရားမဝင် အပိုကြေးငွေ လက်ခံခဲ့မှုတို့ဖြင့် မှတ်တမ်းဝင်သတိပေးခြင်း၊ နှစ်တိုးလစာလျှော့ချခြင်း၊ နောင်ရရှိရန်ရှိသော နှစ်တိုးလစာများကို ရွှေ့လျားစေခြင်းစသည့်ပြစ်ဒဏ်အသီးသီး ချမှတ် အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အပြင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်းတစ်ဦး၊ အမှုထမ်းသုံးဦးတို့အား တရားမဝင် လိုင်စင်မဲ့ယာဉ်များ၊ သက်တမ်းပြတ်ယာဉ်များအဖြစ် ပြန်လည်မှတ်ပုံတင်ရရှိရေး ဆောင်ရွက်ရာတွင်ငွေကြေးကိစ္စပါဝင်ပတ်သက်မှု၊ အင်ဂျင်၊ ဂီယာပြောင်းလဲခြင်းအတွက် ငွေကြေးရယူခဲ့မှုတို့ဖြင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း ပြစ်ဒဏ်များ ချမှတ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုံမြို့နယ် နှင်းဆီကုန်းလမ်း ခြံအမှတ်(၈၂)နေ ဦးအေးသောင်း–ဒေါက်တာဒေါ်အေးအေးသိန်းနှင့် မောင်နှမများက ဖခင်ကြီး ဦးအောင်ထွန်း ခြောက်လပြည့်နှင့်မိခင်ကြီး ဒေါ်ငြိမ်း အားရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်အမှတ်(၂) အဝေးပြေးလမ်းမကြီး ပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း၊ အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းတစ်သောင်း ငါးထောင် လှူဒါန်းရာဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။ (က–ပ)

18-4 (07) 1 4/18/07, 1:58 PM

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြင်ဦးလွင်မြို့ပေါ်ရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်များထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် သီလရှင်ဝတ်စုံများကို လှူဒါန်းစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသက အနုမောဒနာနှင့် ရေစက်ချတရားတော်ကို ချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေ။

● ရွှေ့ဖုံးမှ

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးများ၊ မဟာအံ့ထူးကံသာဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ ပြင်ဦးလွင်မြို့ပေါ်ရှိ စာသင်တိုက် ၂၄ တိုက်မှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင် စာသင်တိုက် လေးတိုက်မှ သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာအံ့ထူးကံသာဆုတောင်းပြည့် မြတ်စွာဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ ဆီမီးနှင့် ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကိုကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယထံမှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါး သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော် များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်း ဆရာတော် ကြီးအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဆရာတော်ကြီးအား ဆွမ်းဆန် တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင်များ၊ တိုင်းမှူးနှင့် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များသည် ဆရာတော် သံဃာတော်များအား ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်သည် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် သီလရှင်ဝတ်စုံများကို လှူဒါန်းသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၈-၄-၂၀၀၇ ရက်
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၇။ အရေးပြိုင်ပွဲ
၈:၂၀ ၈။ တံငါတံတား
၈:၃၀ ၉။ International News
၈:၃၅ ၁၀။ Happy and Educational English Summer Course MRTV
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀ ၅။ မြန်မာစာမြန်မာစကား
၁၇:၁၀ ၆။ သီချင်းကြီးပဒေသာ
၁၇:၂၀ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၃၀ ၈။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ Discovery
၁၈:၅၀ ၁၂။ **ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်** လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း)
၁၉:၁၀ ၁၃။ နိုင်ငံစီးပွား အလေးထားကျေးလက်ထုတ်ကုန်များ (ပန်းတနော်မှ သင်ဖြူးဖျာ)
၁၉:၂၀ ၁၄။ မြန်မာမှုပန်းဆယ်မျိုး (ပန်းတမော့)
၁၉:၃၀ ၁၅။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာရုပ်ရှင် **မွေးလွန်းသည့်ပန်း** ကောလိပ်ဂျင်နေဝင်း၊ ကြည်စိုး၊ ခင်ယုမေ (ဒါရိုက်တာ-မောင်မောင်သောင်း)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြင်ဦးလွင်မြို့ပေါ်ရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ကြီးထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရေစက်သွန်းချ

ထို့နောက် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသက အနုမောဒနာနှင့် ရေစက်ချတရားတော်ကို ချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဂန္ဓကုဋိတိုက်၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ကြပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တင် ဆောင်ရွက်ထားမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီးအတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ကြသည်။

ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များကလည်း ကန်တော်ကြီးအတွင်းသို့ ငါးများကို စုပေါင်း၍ လွှတ်ကြသည်။

အထူးစည်ကား

ယနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အားလပ်ရက်ဖြစ်သဖြင့် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ မိသားစုလိုက် လာရောက်အပန်းဖြေ သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်း ဆရာတော်ကြီးအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း။

ဇီဝိတဒါန

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ကန်တော်ကြီးအတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ကြစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် အမှတ်(၁၁၇)၊ ဝါးတန်းလမ်း၊ ရန်ကုန် **Fantasy** အချိုရည် အရောက်ပို့ အရောင်းဌာနက ကျပ် ၂၀၇၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ခာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲ

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသော သတ္တဌာနဗုဒ္ဓါနုဿတိ ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲကြီးနှင့် သတ္တဌာန ဗုဒ္ဓ(ခုနစ်)ဆူ ဘုရားရှင်များအား ခာတ်ကြီးလေးပါး ဆွမ်းကပ်လှူပူဇော်ပွဲကို (၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်မှ ကဆုန်လဆန်း ၁၄ ရက်) ဧပြီ ၂၁ ရက်မှ ၂၉ ရက်၊ (တနင်္ဂနွေနေ့) အထိ ကိုးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ရာ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုမင်္ဂလ လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအာသဘအရှင်သူမြတ်က ဟောဖော်ညွှန်ပြ၍ အဓိဋ္ဌာန်တရားတော်များ ချီးမြှင့်တော်မူမည်ဖြစ်သည်။

ယင်းသတ္တဌာနဗုဒ္ဓါနုဿတိ အဓိဋ္ဌာန်ပွဲကြီးကို နေ့စဉ် ညနေ ၅ နာရီတွင်လည်းကောင်း၊ သတ္တဌာနဘုရားရှင်တို့အား ခာတ်ကြီးလေးပါး ဆွမ်းများကို နေ့စဉ်နံနက် ၆ နာရီတွင်လည်းကောင်း ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ရာ ကျောင်းတိုက် ဖုန်း ၀၁-၅၆၀၇၁၀ နှင့် ၅၆၄၇၄၃ သို့ ဆက်သွယ် စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ကန်တော်ကြီးအတွင်းသို့ ငါးများကို စုပေါင်းလွှတ်ကြစဉ်။ (သတင်းစဉ်)



တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေးပြည်နယ် ဝူဟန်မြို့တွင် တည်ဆောက်လျက်ရှိသည့် ဥမင်လိုဏ်ခေါင်း တည်ဆောက်ရေး လုပ်ငန်းခွင်ကို ဧပြီ ၁၆ ရက်က တွေ့ရစဉ်။

(အဆိုပါ ဥမင်လိုဏ်ခေါင်းသည် အရှည်မီတာ ၃၆၃၀ ရှည်လျားကာ ၂၀၀၈ခုနှစ်ကုန်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည်။)

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်ရန် ကမ္ဘောဒီးယား၌ နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ဖနောင်ပင် ဧပြီ ၁၇

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ်ကုန်၌ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ရန် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲတစ်ရပ်အား လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က နိုင်ငံပိုင်အသံလွှင့် ဌာန၌ ယခုရက်ပိုင်းအတွင်း ပြောကြားခဲ့သည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ကမ္ဘာကျော် အန်ကောဝပ်ဘုရားကျောင်း တည်ရှိရာ ပြည်နယ်ဖြစ်သည့် စိန်းရိစ် ပြည်နယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ စိန်းရိစ်ပြည်နယ် ပေါ့ခ်ခရိုင်တွင် ထိုင်းစီးပွားရေး လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော ဂေါက်ကွင်းသစ်ဖွင့်ပွဲ၌ မစ္စတာဟွန်ဆန်က ပြောကြားခြင်းဖြစ်သည်။

ဆွဲဆောင်နိုင်မည်

နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ တစ်ရပ်ကို လက်ခံကျင်းပခြင်းဖြင့် အန်ကောဝပ်ဘုရားကျောင်းသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်ရန် ဆွဲဆောင်နိုင်မည်ဖြစ်သည်။

အကူအညီပေးနိုင်

ထို့ပြင် ကမ္ဘောဒီးယား နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အကူအညီ ပေးနိုင်ပြီး အကျိုးအမြတ်များလည်းရရှိနိုင်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

ရောက်ရှိခဲ့

ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၀၆ ခုနှစ်က ကမ္ဘာလှည့် ခရီးသည်ဦးရေ ၁ဒသမ၇သန်းရောက်ရှိခဲ့ပြီး ဝင်ငွေ အမေရိကန် ဒေါ်လာ ၁ဒသမ၀၅ ဘီလီယံရရှိခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ရထားဘူတာရုံတစ်ရုံတွင် မြန်နှုန်းမြင့်ရထားများကို ဧပြီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ ဗုံးခွဲမှုများဖြစ်ပွား၊ ၄၃ ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၇

အီရတ်နိုင်ငံ၏မြို့တော် ဘဂ္ဂဒက်တွင် ဧပြီ ၁၅ ရက်က ဗုံးခွဲတိုက်ခိုက်မှုနှင့် အသေခံတိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၄၃ ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်

ရှီးယိုက်တို့ နေထိုင်ရာအရပ်ရှိ လူစည်ကားရာ ဈေးတစ်ခုအတွင်းတွင် ကားဗုံးခွဲတိုက်ခိုက်မှု နှစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၈ဦး သေဆုံးခဲ့သည်။

ထိုနေ့က ကာရာဒါခရိုင်ရှိ မီနီဘတ်စ်ကားတစ်စီး ဗုံးပေါက်ကွဲသဖြင့် ၁၁ ဦး သေဆုံးခဲ့ကြောင်း၊ ကာရာဒါ အနောက်မြောက်ပိုင်းတွင်လည်း ဘတ်စ်ကားတစ်စီးပေါ်တွင် တိုက်ခိုက်မှုကြောင့် အနည်းဆုံး ခြောက်ဦး သေဆုံးခဲ့ကြောင်း၊ ယင်းနေ့မှောင်စပျိုးချိန်တွင်လည်း ကာရာဒါ ခရိုင်၌ သီးခြားစီဖြစ်ပွားသော လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး ရှစ်ဦးသေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)

အမေရိကန်တွင် ပစ်ခတ်မှုဖြစ်ပွား ၃၂ ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရခဲ့

ဘလက်စဘတ် ဧပြီ ၁၇

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားတက္ကသိုလ်တွင် ဧပြီ ၁၆ ရက်က စာသင်ခန်းအတွင်း အတန်းတက်နေကြသော ကျောင်းသားများအား သေနတ်သမားတစ်ဦးက ပစ်ခတ်ခဲ့သဖြင့် စုစုပေါင်း လူ ၃၂ ဦးသေဆုံးသွားခဲ့သဖြင့် အမေရိကန်သမိုင်းတွင် သေဆုံးမှုအများဆုံး ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သေနတ်သမားသည် ဗာဂျီးနီးယားတက္ကသိုလ်၏ စာသင်ခန်းမအတွင်း ဝင်ရောက်ကာ အတွင်းရှိလူများ ထွက်ပြေးနိုင်ခြင်းမရှိအောင် တံခါးကို သံကြိုးဖြင့်ချည်နှောင်ပြီး ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဗာဂျီးနီးယားတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ရဲအဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

ထိုသို့ ပစ်ခတ်မှုကြောင့် ကျောင်းသားအချို့ ပြတင်းပေါက်များမှ ခုန်ချထွက်ပြေးနိုင်ခဲ့ကြသော်လည်း အများအပြား ပစ်ခတ်ခံခဲ့ရကာ ၃၂ ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိများက ပြောကြားသည်။

ပြောကြား

ယခုကဲ့သို့ သေနတ်ဖြင့် ပစ်ခတ်သောသူသည် အမျိုးသားတစ်ဦးဖြစ်ပြီး အရပ်ခြောက်ပေခန့်မြင့်ကြောင်း၊ ၎င်းသည် စာသင်ခန်းအတွင်း လူအများအပြားကို ပစ်ခတ်ခြင်းမပြုမီ ကျောင်းသားတစ်ဦးနှင့် ပါမောက္ခတစ်ဦးကို ပစ်သတ်ခဲ့သေးကြောင်း ကျောင်းသားတစ်ဦးက စီဘီအက်စ်သတင်းဌာနသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

ထိုင်းဆွန်ကရန်ပွဲတော်အတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၇၀၀ ကျော်ရှိလာ

ဗန်ကောက် ဧပြီ ၁၇

ထိုင်းနှစ်သစ်ကူးပွဲတော်ဖြစ်သည့် ဆွန်ကရန်ရေသဘင်ပွဲတော် ဆင်နွှဲခဲ့သည်မှာ ဧပြီ ၁၇ရက်အထိ ခြောက်ရက် မြောက်ခဲ့ပြီဖြစ်ရာ ပွဲတော်ကာလအတွင်း ယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့၍ လူပေါင်း ၇၀၉ ဦး အထိ သေဆုံးခဲ့ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထိုယာဉ်တိုက်မှုအများစုမှာ ဆိုင်ကယ်စီးသူများ မူးယစ်သောက်စား၍ မောင်းနှင်ခြင်းကြောင့် ဖြစ်ကြောင်း၊ ယင်းမှာ တစ်နာရီလျှင် လေးဦးနှုန်း သေဆုံးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ သေဆုံးမှုများ လွန်စွာများပြားနေသဖြင့် ထိုင်းအစိုးရကယာဉ်တိုက်မှုများ လျှော့ချရန်စီစဉ်နေကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လောင်စာတောင့်များဖြင့် ပြုလုပ်ထားသော မျှော်စင်

လောင်စာတောင့်များဖြင့် ပြုလုပ်ထားသော မျှော်စင်တစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် လောင်စာတောင့်များဖြင့် ပြုလုပ်ထားသော မျှော်စင်တစ်ခုမှာ လောင်စာတောင့်ပေါင်း တစ်သိန်းကျော် အသုံးပြုထားပြီး အမြင့်ပေ ၆၀ ကျော်ရှိရာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးလောင်စာတောင့် မျှော်စင်တစ်ခုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့အဝဆုံး ကြောင်

ကမ္ဘာပေါ်တွင် အဝဆုံး ကြောင်တစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ နေအိမ်တစ်အိမ်၌ မွေးမြူထားသော ကြောင်တစ်ကောင်မှာ အလေးချိန် ပေါင် ၄၀ ကျော်ရှိရာ ကမ္ဘာပေါ်တွင် အဝဖြိုးဆုံး ကြောင်တစ်ကောင်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

■ ကျောဖုံးမှ

တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း၊ ဒါနဥပပါရမီအဖြစ် သွေးလှူဒါန်းခြင်း စသည့် ကုသိုလ်ပုည ပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရှိရသည်။

ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်မင်္ဂလာအခမ်းအနားကို စေတီတော် ရင်ပြင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များ တန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများကြွရောက် ချီးမြှင့်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များတက်ရောက်ကြသည်။

ထို့နောက် ရေသတ္တဝါများ ဇီဝိတဒါန ဘေးမဲ့လွှတ်ပွဲ အခမ်းအနားကို ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ဦးဆောင်၍ ရှင်ဥပဂုတ္တမင်္ဂလာကန်တော်သို့ လက်ယာရစ် လှည့်လည်ကြသည်။

ယင်းနောက် ရေနေသတ္တဝါများအား ရှင်ဥပဂုတ္တကန်အတွင်းသို့ ဘေးမဲ့လွှတ်ကြသည်။

ဗိုလ်တထောင်စေတီတော်

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများက စေတီတော်ကြီးနှင့် အရံစေတီတော် ၁၂ဆူ၊ ဆံတော်တိုက်၊ ပြုတိုက်ရှိ ရုပ်ပွားတော်မြတ်များအားလည်းကောင်း၊မြနန်းကျော်ရွှေကျောင်းတော်၊ နန်းဦးတန်ဆောင်းအတွင်းရှိ နန်းဦးဘုရား ဗုဒ္ဓဆင်းတုတော်များအားလည်းကောင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်ကန်တော့ကြသည်။

လာဘမုနိ

အင်းစိန်မြို့နယ်မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆင္ဍမအကြိမ် မျက်နှာသစ်တော် ရေဆက်ကပ်လှူဒါန်းပွဲနှင့် ရောင်တော်ဖွင့် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၆ နာရီခွဲတွင် ကျင်းပရာ ရှေးဦးစွာ မင်းဓမ္မကုန်းတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေကျော်နှင့် အဖွဲ့ဝင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြပြီး မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်အား မျက်နှာသစ်တော်ရေဖြင့် သန့်စင်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆူးလေစေတီတော်

ဆူးလေစေတီတော်တွင် ဘုရားဖူးလာပြည်သူများသည် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ပူဇော်ကန်တော့ကြသည့်အပြင် နံ့သာရည်များဖြင့်လည်းပက်ဖျန်း ပူဇော်ကြသည်။

ကမ္ဘာအေးစေတီ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်မင်္ဂလာအခါတော်နေ့ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ထို့နောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသိန်းဦးက နှစ်သစ်မင်္ဂလာ အခါတော်နေ့အကြောင်း ဓမ္မပူဇာမင်္ဂလာထောမနာစကား ပြောကြားသည်။

ဆက်လက်၍ ဝတ်အဖွဲ့များက စုပေါင်း၍ မင်္ဂလသုတ် ပါဠိတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။

သက်လွှတ်ပွဲ

သာသနာရေး ဝန်ကြီးဌာန၏ ၁၃၆၉ ခုနှစ် နှစ်သစ်မင်္ဂလာအခါတော် အဘယဒါန ဇီဝိတဒါန သက်လွှတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများသည် ဝိဇယမင်္ဂလာ ဓမ္မသဘင်ရှေ့၌ ငှက်များကို ဘေးမဲ့လွှတ် ပေးကြသည်။

ထို့နောက် မဟာသိမ်တော်ကြီးအနီးရှိ ဒဂုံသီရိဘေးမဲ့ကန်တော်ကြီးသို့သွားရောက်၍ ငါးများကို ဘေးမဲ့လွှတ်ပေးကြသည်။

ထို့အပြင် ဝန်ထမ်းမိသားစုများက ကန်တော့ခံဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း လက်သည်းညှပ်ပေးခြင်းနှင့် အမွှေးနံ့သာများ လိမ်းကြံပေးခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဥပုသ်သီလ ခံယူဆောက်တည်ခြင်း အစီအစဉ်ကိုကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်၍ ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များနာယူကြပြီး တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရီဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းပူဇော်ရခြင်းတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲကို နံနက် ၉နာရီခွဲတွင် ဆက်လက် ကျင်းပရာ တက်ရောက်လာကြသူများက ဘိုးဘွားများအား ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)က ကြီးမှူး ကျင်းပသည့် (၃၄)ကြိမ်မြောက် မွန်သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို နံနက်၉ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပသည်။

ဆက်လက်၍ မွန်သက်ကြီးအဘိုးအဘွား ၇၂ ဦးတို့အား ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မွန်ပြည်နယ်သူ ပြည်နယ်သားများက လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ထို့အတူ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းအမှတ်(၂၈)ရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးချုပ်၌ ညနေပိုင်းတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် အရာထမ်း၊ အမှုထမ်းများက သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ရွတ်ဖတ်သရဇ္ဈာယ်

ယနေ့သည် မြန်မာနှစ်ဆန်း ၁ရက်နေ့ဖြစ်သည်နှင့်အညီ ညနေပိုင်းတွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၊ ရပ်ကွက်များ၊ လမ်းများ၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ်ရှိ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆဋ္ဌမအကြိမ် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းပွဲနှင့် ရောင်တော်ဖွင့်မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

၁၃၆၉ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ကျင်းပသော (၃၄)ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲတွင် မွန်အမျိုးသား၊ အမျိုးသမီးများက သက်ကြီး အဘိုးအဘွားများအား အမွှေးနံ့သာရည်များဖြင့် ဂါရဝပြုကြစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အလက(၂)ဗဟန်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၇

ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ် (၁၉၄၇-၂၀၀၇)နှင့်အာစရိယပူဇော်ပွဲကို ဧပြီ ၂၁ရက်(စနေနေ့)နံနက် ၉နာရီ၌ အလက(၂)ဗဟန်းကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းအားလုံးတက်ရောက်ကြရန် ကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။

ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် ဦးရန်အောင်မိုး ဖုန်း- ၅၄၀၂၇၇၊ ဒေါ်ဖွန့်သဲစု ဖုန်း- ၅၅၆၃၇၆၊ ဒေါ်ချောကေခိုင် ဖုန်း- ၅၅၆၆၇၁၊ ဦးဖြိုးဝေဇင် ဖုန်း- ၅၅၅၈၄၈၊ ဒေါ်ငုဝါကျော် ဖုန်း- ၅၄၉၀၄၁နှင့် ဒေါ်ချမ်းမြရွှေခြူ ဖုန်း- ၅၄၃၈၉၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မိုးလေဝသအခြေအနေ ၁၈-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးချုပ် စစ်ဆေးရေးဌာနနှင့် ဌာနခွဲမှ တာဝန်ရှိသူများ ပူးပေါင်းလျက် ယာဉ်များ စနစ်တကျပြေးဆွဲရေး၊ ခရီးသည်များအား ယဉ်ကျေးစွာဆက်ဆံရေး၊ ယာဉ်စီးခ ပိုမိုမတောင်းခံရေးနှင့် အထွေထွေစည်းကမ်းလိုက်နာရေးအတွက် မြောက်ဥက္ကလာပ မယ်လမုဘုရားပွိုင့်တွင် ကြပ်မတ်စစ်ဆေးကြစဉ်။

(၁၉၂)

ရန်ကုန်မြို့ အလုံမြို့နယ် ငုဝါလမ်း အမှတ် ၁၆၂နေ ဒေါ်အေး ဝိုင်း၊ ဦးဌွေးမြင့်-ဒေါ်ကျင်မွှေး၊ သား ကောင်းထက်ဝင်း-မဝင်းဝင်းဌွေး မိသားစုက ဖခင်ဦးသောင်းစိန်အား ရည်စူး၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး သို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်းသုံးသောင်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံယူစဉ်။

(က-ပ)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

စိတ်ဖိစီးမှုများလျှင် နှလုံးရောဂါဖြစ်ပွားနိုင်

လန်ဒန် ဧပြီ ၁၇

စိတ်ဖိစီးမှုများချိန်တွင် နှလုံးညှစ်အား ပိုမိုများနေခြင်းကြောင့် ဦးနှောက်ကလည်း လေ့လာမှု၊လှုပ်ရှားမှုနှင့် အသိတရားများကို ပိုမိုထိန်းချုပ်ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ဖိစီးမှုများသော လူများသည် နှလုံးနှင့်ဦးနှောက်တို့ အလုပ်ပိုမိုလုပ်ဆောင်ရခြင်းကြောင့် နှလုံးကြွက်သားများ မာကြောခြင်း၊ ဦးနှောက်အာရုံကြောနှင့် အခြားအစိတ်အပိုင်းများထိခိုက်ခြင်းတို့ဖြစ်စေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

စိတ်ဖိစီးမှု

စိတ်ဖိစီးမှုကြောင့် နှလုံးခုန်မှု ပုံမှန်မဖြစ်ဘဲရှိရာမှ နှလုံးရောဂါဖြစ်ပွားမှုကို ဖြစ်ပေါ်စေတတ်ကြောင်း၊ စိတ်ဖိစီးမှုသည် အန္တရာယ်ကြီးမားသော နှလုံးရောဂါဖြစ်ပွားမှုကို စတင်ဖြစ်ပေါ်စေသည့်အချက်ပင်ဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင် ဒေါက်တာမာကပ်စ်ဂရေးက ပြောကြားသည်။

ထို့ကြောင့် စိတ်ဖိစီးမှုမများအောင် သတိပြုနေထိုင်သင့်ပြီး နှလုံးရောဂါမဖြစ်ပွားအောင် ဂရုစိုက်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံပြေးလမ်းပေါ်မှ မန်ယူ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဧပြီ ၁၇

ဗီလာပတ်ကွင်း၌ ဧပြီ၁၄ရက်က အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဝက်ဖို့ဒ်နှင့် မန်ယူတို့ ကစားခဲ့သောပွဲအပြီး မန်ယူတို့ အက်ဖ်အေဖလား ဗိုလ်လုပွဲရောက်ခဲ့ပြီဖြစ်သည်။

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ မန်ယူတို့ ယခုအကြိမ်ရောက်ခဲ့သည်မှာ ၁၈ကြိမ်မြောက် ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်ကတည်းက ဝင်ဘလေ ကွင်းတွင် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကစားပြီးနောက်ပိုင်း ယခုအကြိမ်သည် ပထမဆုံးအကြိမ်ပင် ဖြစ်သည်။

ကြိုးစားရမည်

မန်ယူ၏ ၂၀၀၆–၂၀၀၇ဘောလုံးရာသီသည် ရင်ခုန်စရာအကောင်းဆုံး ဘောလုံးရာသီပင် ဖြစ်နေသည်။ ပရီမီယာလိဂ်တွင် မန်ယူတို့ တန်းစီဇယားထိပ်ဆုံးနေရာကိုစိုးမိုးထားဆဲ ဖြစ်သော်လည်း ဒုတိယနေရာမှ ချယ်လ်ဆီးနှင့် သုံးမှတ်သာ ကွာခြားနေသဖြင့် ပရီမီယာလိဂ် ဘောလုံးပွဲစဉ် အားလုံးကို အတိမ်းအစောင်းမဖြစ်အောင် ကြိုးစားကစားရတော့မည်ဖြစ်သည်။

ဒုတိယနေရာမှ ချယ်လ်ဆီးသည် ပရီမီယာလိဂ်လက်ရှိချန်ပီယံဟူသော ဂုဏ်ပုဒ်ကို ဆက်လက် ထိန်းသိမ်းလိုစိတ် ပြင်းပြနေရာ မန်ယူနောက်မှ အမှားအယွင်းနည်းစွာဖြင့်သတိကြီးကြီးထားပြီး ပွဲတိုင်းရလဒ်ကောင်းအောင် ကစားနေပြီဖြစ်သည်။ ပရီမီယာလိဂ် သရဖူကို မန်ယူတို့ မရရှိသည်မှာ သုံးရာသီတိုင်ခဲ့ပြီ။ မန်ယူတို့ နောက်ဆုံး ပရီမီယာလိဂ် သရဖူကို ရရှိခဲ့သည့် ၂၀၀၂–၂၀၀၃ ဘောလုံး ရာသီ၌ ၃၈ပွဲကစား ၂၅ ပွဲနိုင်၊ ရှစ်ပွဲ သရေ၊ ငါးပွဲရှုံးဖြင့် ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

ဖြတ်သန်းရဦးမည်

ယခုနှစ် ပရီမီယာလိဂ်တွင် မန်ယူတို့ ၃၂ ပွဲကစားပြီးချိန်၌ နိုင်ပွဲ ၂၅ပွဲ၊ သရေပွဲသုံးပွဲနှင့် ရှုံးပွဲလေးပွဲဟူသော ရလဒ်ရှိနေခဲ့သော်လည်း ပရီမီယာလိဂ်၌ ဗိုလ်စွဲရေးမှာ မသေချာသေးချေ။ ပရီမီယာလိဂ် ဖလားရရှိရန် ကျန်ခြောက်ပွဲကို အင်တိုက်အားတိုက် ဖြတ်သန်းရဦးမည်ဖြစ်သည်။

သို့သော် မန်ယူကို အကျပ်အတည်း ကာလရောက်တိုင်း အောင်ပွဲရဖြတ်သန်းနိုင်အောင် ပါးနပ်စွာ ဆောင်ရွက်တတ်သော နည်းပြဖာဂူဆန်ကား ပြိုင်ဘက်များ၏ အနေအထားကို အသေးစိတ်လေ့လာပြီး ခင်းကျင်းတတ်မှုကား အစွမ်းထက်လွန်းလှသည်။

မန်ယူသည် ပရီမီယာလိဂ်ပွဲစဉ် ၃၂ ၌ ပို့စ်မောက်ကို အဝေးကွင်းတွင် နှစ်ဂိုး–တစ်ဂိုးဖြင့်ရှုံးခဲ့သဖြင့် ဒုတိယနေရာမှ ချယ်လ်ဆီးနှင့် အမှတ်ကွာဟမှုနည်းသွားကာ ပရီမီယာလိဂ်၏ ပြိုင်ဆိုင်မှုသည် အသက်ဝင်လှုပ်ရှား သွားလေသည်။ ပရီမီယာလိဂ်၌ မည်သူဗိုလ်စွဲနိုင်မည်ကို ခန့်မှန်းရန် ခက်ခဲသွားခဲ့သည်။

ဖမ်းစား

မန်ယူ၏ အနိုင်တစ်ပွဲ၊ အရှုံးတစ်ပွဲသည် ပရီမီယာလိဂ်အနေအထားကို လုံးဝပြောင်းလဲသွားနိုင်အောင် ဖမ်းစားလွှန်းသည့် အခြေအနေရောက်ရှိသွားသည်။ မန်ယူပရိသတ်များက မန်ယူ၊ ချယ်လ်ဆီးပရိသတ်များက ချယ်လ်ဆီးတို့သာ ဗိုလ်စွဲမည်ဟု ထင်ကြေးပေးမှုများ ဆူညံလာခဲ့သည်။

မန်ယူအသင်းကို အောင်မြင်မှုများရရှိရန် နည်းဗျူဟာ ပြောင်းလဲကျင့်သုံးနေသော နည်းပြဖာဂူဆန်။ (ဓာတ်ပုံ–အင်တာနက်)

ထို့အတူ ချန်ပီယံလိဂ်တွင်လည်း အဝေးကွင်း၌ ရိုးမားကို နှစ်ဂိုး–တစ်ဂိုးဖြင့် မန်ယူတို့ရှုံးခဲ့သည်။ မန်ယူရှုံးခဲ့သဖြင့် ချန်ပီယံလိဂ်၌ မန်ယူတို့ မလွယ်ဟူသော ဝေဖန်မှုများ သောသောညံလာခဲ့ပြန်သည်။ သို့သော် မန်ယူအိမ်ကွင်း၌ ရိုးမားကို ခုနစ်ဂိုး–တစ်ဂိုးဖြင့် အံ့မခန်းအနိုင်ယူပြလိုက်ရာ ကမ္ဘာ့ဘောလုံးပရိသတ်များ ပါးစပ်အဟောင်းသားဖြစ်သွားခဲ့ကြသည်။

ရေပန်းစား

ရိုးမားကို အနိုင်ယူခဲ့သည့် ခြေစွမ်းကြောင့် မန်ယူတို့ ဗိုလ်စွဲနိုင်သည်ဟူသော ရေပန်းစားမှုကလည်း တစ်ရှိန်ထိုးမြင့်တက်လာခဲ့ပြန်သည်။ ထိုသို့သောရလဒ်များရရှိအောင် ဖာဂူဆန်က ကြိုတင်ပြင်ဆင်ထားခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ မန်ယူတွင် တိုက်စစ်မှူးများဖြစ်သည့် ဆိုးလ်ရှားနှင့် အလန်စမစ်တို့ကို ဖာဂူဆန် သိမ်းထားခဲ့သည်။ ကြံ့ခိုင်မှုပြည့်ဝအောင် အားမွေးစေခဲ့ပြီးမှ ကွက်တိထည့်သုံးခဲ့သည်။

ထို့အပြင် မန်ယူတို့ ဂိုးသွင်းမှုကိုလည်း ရတ်ခြည်း ပြောင်းလဲပစ်ခဲ့သည်။ ရိုးမားနှင့် ဝက်ဖို့ဒ်တို့အား အနိုင်ယူခဲ့သည့်ပွဲများတွင် ရှေ့တန်း၊ အလယ်တန်းနှင့် နောက်တန်းတို့မှ ဖြန့်ပြီးဂိုးသွင်းစေခဲ့သည်။ မန်ယူတိုက်စစ်မှူးများအပေါ် အာရုံစိုက်မှုများနေချိန်တွင် မထင်မှတ်သူများက ဂိုးရအောင် သွင်းယူခဲ့ကြခြင်းဖြစ်သည်။

အရေးကြီးလာ

ယခုအချိန်တွင် မန်ယူသည် ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်နှင့် အက်ဖ်အေတို့၌ အရေးအကြီးဆုံးအနေအထားကို ရောက်ရှိလာပြီဖြစ်သည်။ မန်ယူ၏ ပြိုင်ဘက်များကလည်း မန်ယူ၏ အခြေအနေကိုစောင့်ကြည့်နေပြီဖြစ်ရာ အခက်အခဲအကျပ်အတည်းကြားမှ ချန်ပီယံပြေးလမ်းပေါ်တွင် မန်ယူသည် မည်သို့ ကျော်ဖြတ်မည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။

(ကိုးကား–အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

- **အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းက ဘလက်ဘန်းအသင်းကို အနိုင်ရပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင်အင်္ဂလန်၏ အကောင်းဆုံးဘောလုံးအသင်းနှစ်သင်း အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ပြောကြားလိုက်သည်။**

- အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် မန်ယူနောက်တန်းလူ ဖာဒီနန်သည် ဒဏ်ရာရရှိထားသည်။ သို့ရာတွင် မန်ယူက မစ်ဒယ်ဘရော့နှင့် ကစားမည့်ပွဲတွင် ပြန်လာပါဝင်နိုင်မည်ဟု မျှော်လင့်ထားသည်။ မန်ယူတွင် ဖာဒီနန်အပါအဝင် နောက်တန်းလူ ဂယ်ရီနဗီးလ်၊ ဗီဒစ်၊ အိုရှီးယားနှင့် ဆီဗက်စတားတို့ ဒဏ်ရာရရှိထားကြသည်။

- **မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား စီရိုနယ်ဒိုသည် မန်ယူနှင့် နောက်ထပ်ငါးနှစ်စာချုပ်တစ်ရပ်ကို မကြာမီက ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။**

- မန်ယူနှင့်ချယ်လ်ဆီးတို့ မေ၁၉ရက်တွင်ကစားကြမည်ဖြစ်ရာ အက်ဖ်အေဖလား ဗိုလ်လုပွဲအတွက် သက်ဆိုင်ရာက လက်မှတ်စျေးနှုန်းများထုတ်ပြန်ကြေညာခဲ့ရာ လက်မှတ်တစ်စောင်စျေးနှုန်းမှာ ၃၅ ပေါင်၊ ပေါင် ၆၀၊ ပေါင်၈၀နှင့်၉၅ပေါင် အသီးသီးသတ်မှတ်ထားကြောင်း သိရသည်။

- **ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၁၂ရက်က ယှဉ်ပြိုင်ကစားကြပြီးဖြစ်ရာ အကြိုဗိုလ်လုပွဲသို့ ဆီဗီလာ၊ အိုဆာဆူနာ၊ ဝါဒါဘရီမင်နှင့် အက်စ်ပန်းညိုတို့ တက်လာသည်။ ဆီဗီလာနှင့် အိုဆာဆူနာ၊ ဝါဒါဘရီမင်နှင့် အက်စ်ပန်းညိုတို့သည် အကြိုဗိုလ်လုပွဲအဖြစ် ဧပြီ ၂၆ရက်တွင် ပထမအကျော့၊ မေ၃ရက်၌ ဒုတိယအကျော့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။**

- ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီးဖြစ်ရာ အကြိုဗိုလ်လုပွဲစဉ်များကို ဧပြီ ၂၄ရက်တွင် မန်ယူနှင့် အေစီမီလန်၊ ဧပြီ ၂၅ရက်တွင် ချယ်လ်ဆီးနှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲကို ၎င်းအသင်းအတွဲများသည် မေ ၁ရက်နှင့် ၂ရက်တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

- **ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ဟဲဗီးဝိတ်ချန်ပီယံထိုးသတ်ပွဲအဖြစ် ဥဇဘက်ကစ္စတန်မှ ရူဆလန်ချာဂေ့ဗ်နှင့် လက်ရှိချန်ပီယံ နီကိုလိုင်ဗာလုဗ်တို့ ဧပြီ ၁၅ ရက်က ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ရာ ရူဆလန်ချာဂေ့ဗ်က အမှတ်ဖြင့် အနိုင်ရရှိသွားသည်။** (အင်တာနက်)

အကောင်းဆုံးကြေးစား ဘောလုံးသမားဆု ဒရော့ဘာနှင့် စီရိုနယ်ဒိုတို့ ပဏာမရွေးချယ်ခံရ

ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာ (ဝဲ)**နှင့် မန်ယူ တောင်ပံကစားသမား စီရိုနယ်ဒို**(ယာ)။ (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဧပြီ ၁၇

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာနှင့် မန်ယူတောင်ပံ ကစားသမား စီရိုနယ်ဒိုတို့သည် ကြေးစားဘောလုံးသမားများအသင်း (ပီအက်ဖ်အေ)၏ အကောင်းဆုံးဘောလုံးသမားဆုအတွက် ပဏာမရွေးချယ်ခံရကြောင်း ဧပြီ ၁၆ ရက်က အင်တာနက်တွင်သတင်းဖော်ပြသည်။

မန်ယူမှရှိုင်ယန်ဂစ်နှင့်ပေါလ်စခိုးလ်တို့သည်လည်းလီဗာပူးမှ စတီဗင်ဂျရတ်၊ အာဆင်နယ်မှ ဖာဘရီဂတ်စ်တို့နှင့်အတူ ယင်းအကောင်းဆုံးဆုအတွက် ပါဝင်ခဲ့ကြသည်။ ဝိန်းရွန်နေ၊ စီရိုနယ်ဒိုနှင့် ဖာဘရီဂတ်စ်တို့သည် လူငယ်အကောင်းဆုံး ဘောလုံးသမားဆုအတွက် မျှော်မှန်းနိုင်ကြသူများ ဖြစ်သည်။

တော့တင်ဟမ်မှ လီနွန်၊ ရက်ဒင်းမှ ဒွိုင်းလီ၊ မန်စီးတီးမှ ရစ်ချတ်တို့သည်လည်း အထက်ပါအကောင်းဆုံး ဘောလုံးသမားစာရင်းတွင် ပါဝင်သည်။

ကြေညာမည်

အဆိုပါအကောင်းဆုံး ဘောလုံးသမားဆုကို ဧပြီ ၂၂ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း ကြေးစားဘောလုံးသမားများအသင်းက ပြောကြားသည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာသည် ယခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် ဂိုးပေါင်း ၃၀ သွင်းယူပေးခဲ့ပြီး ချယ်လ်ဆီးအသင်းအားအဓိကအဆုံးအဖြတ်ပွဲကြီးများတွင် အနိုင်ဂိုးများ သွင်းယူပေးနိုင်ခဲ့သည်။

စွမ်းဆောင်ပေး

၎င်းသည် ချယ်လ်ဆီးအသင်းအား ကားလင်းဖလား ဆွတ်ခူးနိုင်အောင် အဓိကစွမ်းဆောင်ဂိုးများ သွင်းယူပေးနိုင်ခဲ့သလို ချယ်လ်ဆီးတို့ ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် ချန်ပီယံလိဂ်ဖလားများ ဆွတ်ခူးနိုင်ရေးအတွက် အဓိက စွမ်းဆောင်ပေးလျက်ရှိနေဆဲဖြစ်သည်။

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

အသက် ၂၂နှစ်ရှိ စီရိုနယ်ဒိုသည် လောလောဆယ်တွင် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားအဖြစ် ရေပန်းစားလျက်ရှိပြီး မန်ယူအတွက် ယခုနှစ်ရာသီတွင် ၂၁ ဂိုး သွင်းယူပေးထားသည်။

ဦးဆောင်ကစားသမား

မန်ယူကွင်းလယ် ကစားသမားကြီးများဖြစ်ကြသည့် ပေါလ်စခိုးလ်နှင့် ရှိုင်ယန်ဂစ်တို့သည် အသက်၃၀ကျော်ရှိလာကြပြီဖြစ်သော်လည်း မန်ယူတွင် အဓိက ကစားသမားများအဖြစ် ခြေစွမ်းပြနေဆဲဖြစ်သည်။

အဓိကစွမ်းဆောင်

အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် ရုန်းကန်ကြိုးစားနေရသော်လည်း အသက်၁၉နှစ်သာရှိသည့်ဖာဘရီဂတ်စ်သည် အသင်းတိုးတက်အောင်မြင်ရေးအတွက် ဆက်လက်ကြိုးပမ်းနေသူဖြစ်သည်။ စတီဗင်ဂျရတ်သည် အဆိုပါအကောင်းဆုံး ဘောလုံးသမားဆုကို ၂၀၀၆ ခုနှစ်က ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် ယခုနှစ် ရာသီတွင်လည်း လီဗာပူးအသင်းကို ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်စေရန် အဓိကစွမ်းဆောင်လျက်ရှိသူဖြစ်သည်။

(အင်တာနက်)

အင်တာမီလန်အသင်း စီးရီးအေချန်ပီယံဖြစ်ရန် နီးစပ်လာ

ပါလာမိုအသင်းဘက်သို့ အက်ဒရီယာနို (ယာ)**က ချေပဂိုးသွင်းယူပြီး ကစားသမားများနှင့်အတူ ဤသို့အောင်ပွဲခံခဲ့ကြသည်။** (ဓာတ်ပုံ–အင်တာနက်)

မီလန် ဧပြီ ၁၇

အင်တာမီလန်အသင်းသည် ဧပြီ၁၅ရက်က ပါလာမိုအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့ပြီးနောက် စီးရီးအေဖလားဆွတ်ခူးရရှိရန် တစ်ပွဲသာလိုတော့သည်။

အင်တာမီလန်အသင်းသည် ယခုနှစ် စီးရီးအေဘောလုံးရာသီတွင် ၃၁ပွဲကစား ၂၅ပွဲနိုင်ပြီး ခြောက်ပွဲ သရေဖြင့် ရှုံးပွဲမရှိ စံချိန်တင်ထားသည့် အသင်းဖြစ်သည်။

အင်တာမီလန်တို့ ဧပြီ ၁၈ရက်တွင် ဒုတိယနေရာမှ ရိုးမားအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်ရာ အနိုင်ရခဲ့လျှင် ၁၉မှတ် အသာဖြင့် ဦးဆောင်နိုင်မည်ဖြစ်သကဲ့သို့ နောက်ထပ်ကစားရန် ခြောက်ပွဲသာ ကျန်တော့၍ ဖလားဆွတ်ခူးနိုင်မည် ဖြစ်သည်။

သို့သော်လည်း ရာသီမကုန်မီ ဖလားဆွတ်ခူးရမည်ကို မနှစ်မြို့ကြောင်း ကွင်းလယ်ကစားသမား ဖီဂိုက ပြောကြားသည်။ (အင်တာနက်)

နှစ်သစ်ကူးမင်္ဂလာဆုမွန်လွှာ

နာယကကြီးဦးသုခ၏ညွှန်ပြမှုဖြင့် ဥက္ကဋ္ဌ ဦးအေးသန့်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူတို့ဦးဆောင်သော နာရေးကူညီမှုအသင်း(ရန်ကုန်)၏ ၂၀၀၁ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ခဲ့သော အခမဲ့နာရေးကူညီမှုပေါင်း လေးသောင်း ခုနစ်ထောင်ခန့်နှင့် ၂၀၀၃ ခုနှစ် ဧပြီလ ၇ ရက်နေ့မှစတင်ခဲ့သော ဆေးဝါးကူညီမှုအဖွဲ့၏ ချို့တဲ့နွမ်းပါးသော ခွဲစိတ်ကုသရန်လိုအပ်သည့် ကိုယ်ဝန်ဆောင်များ၊ အရေးပေါ်ခွဲစိတ်ကုသမှုများ၊ ၂၀၀၇ ခုနှစ် မတ်လ ၂ ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့သော သုခကုသိုလ်ဖြစ်ဆေးခန်းမှ အထွေထွေရောဂါ ကုသမှုများ၊ မျက်စိဝေဒနာရှင်များအား မျက်စိအထူးကုဆေးရုံကြီးတွင် ခွဲစိတ်ကုသပေးခြင်းစသည့် ကူညီမှုများ သုံးထောင့် နှစ်ရာခုနစ်ဆယ်ရှစ်ဦးတို့အား အလှူဒါနပြုနိုင်မှုများအတွက် စေတနာသဒ္ဓါတရားထက်သန်စွာ ပံ့ပိုးလှူဒါန်းပေး ခဲ့ကြသော ပြည်တွင်းပြည်ပအလှူရှင်များ၊ စေတနာရှင် ဆရာဝန်များ၊ အသင်းသူ အသင်းသားများ၊ ဝန်ထမ်းများနှင့် မြန်မာပြည်သူပြည်သားအားလုံးတို့အား သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါရန်နှင့် မြန်မာ နှစ်သစ်အခါသမယတွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကျေးဇူးဥပကာရတင်ရှိစွာဖြင့်

ပြဟ္မစိုရ်နှလုံးသားနှင့် ခရီးသွားနေသူများ
နာရေးကူညီမှုအသင်း(ရန်ကုန်)
ပြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်း။
ဖုန်း–(ရုံး) ၅၆၀၃၃၃၊ (ရုံး) ၅၇၈၁၈၄၊ ရေဝေးရုံး–၆၃၉၄၉၀၊ ၇၀၉၂၇၇။

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မော်လမြိုင်မြို့ လမ်း/တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းလုပ်ပိုင်ခွင့် ချိပ်ပိတ်တင်ဒါလေလံတင်ရောင်းချရန်ကြော်ငြာ

မွန်ပြည်နယ်အတွင်း လက်ရှိလမ်း/တံတားအသုံးပြုခကောက်ခံနေသော နိုင်ငံပိုင်တံတားငါးစင်းနှင့် လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်ရှစ်ခု၏ ၂၀၀၇–၂၀၀၈ခုနှစ် (၁–၅–၂၀၀၇)မှ (၃၁–၃–၂၀၀၈)အထိ ၁၁လ လမ်း/တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း လုပ်ပိုင်ခွင့်လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ချိပ်ပိတ်တင်ဒါစနစ် ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်–

(က) လေလံတင်ရောင်းချမည့်လမ်း/တံတားများ

(၁) သံလွင် (မော်လမြိုင်)တံတားဂိတ် (မော်လမြိုင်မြို့)	(၈) ဘီးလင်းလမ်းဂိတ် (ဘီးလင်းမြို့)
(၂) အတ္တရံတံတားဂိတ် (မော်လမြိုင်မြို့)	(၉) ပေါင်လမ်းဂိတ် (ပေါင်မြို့)
(၃) ဂျိုင်း–ဇာသပြင်တံတားဂိတ် (မော်လမြိုင်မြို့)	(၁၀) ကြာအင်းလမ်းဂိတ်(မော်လမြိုင်မြို့)
(၄) ဘီးလင်းတံတားဂိတ် (ဘီးလင်းမြို့)	(၁၁) မုဒုံလမ်းဂိတ် (မုဒုံမြို့)
(၅) ရေးချောင်းတံတားဂိတ် (ရေးမြို့)	(၁၂) သံဖြူဇရပ်လမ်းဂိတ် (သံဖြူဇရပ်မြို့)
(၆) သထုံလမ်းဂိတ် (သထုံမြို့)	(၁၃) ရေးလမ်းဂိတ် (ရေးမြို့)
(၇) ဘင်လှိုင်လမ်းဂိတ် (သထုံမြို့)	

(ခ) လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ – မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ မော်လမြိုင်မြို့၊ ဖုန်း–၀၅၇–၂၄၂၄၆၊ ၀၅၇–၂၄၉၄၂၊ ၀၅၇–၂၄၇၃၀။

(ဂ) လေလံတင်လျှောက်လွှာတင်သွင်းရမည့်နေရာ – မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ မော်လမြိုင်မြို့

(ဃ) လေလံဆွဲဝယ်ခွင့်လျှောက်လွှာ စတင်လက်ခံမည့်ရက်၊အချိန် – ၂၃–၄–၂၀၀၇ရက်(တနင်္လာနေ့)နံနက်၀၉း၀၀နာရီ

(င) လေလံတင်သွင်းရန်နောက်ဆုံးနေ့ရက်၊အချိန် – ၂၃–၄–၂၀၀၇ရက် (တနင်္လာနေ့) နံနက် ၁၆း၀၀နာရီ

(စ) လေလံတင်ရောင်းချမည့်နေ့ရက်နှင့် ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့် နေ့ရက်၊ အချိန်
၂၄–၄–၂၀၀၇ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ

(ဆ) လေလံတင်ရောင်းချမည့်နေရာ – မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ရာမညခန်းမ၊ မော်လမြိုင်မြို့။

မှတ်ချက်။ မွန်ပြည်နယ်အတွင်းနေထိုင်သူ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုသာ လေလံယှဉ်ပြိုင်ဆွဲဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

မွန်ပြည်နယ် လမ်း/တံတားများအသုံးပြုခွင့်လိုင်စင်
လေလံတင်ရောင်းချရေးကော်မတီ၊ မော်လမြိုင်မြို့။

နှစ်သစ်ကူးမင်္ဂလာ ဆုမွန်လွှာ

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းတည်ထောင်သူနှင့် ဥက္ကဋ္ဌကြီး ဦးလှထွန်း၏ မေတ္တာဖြင့် မြန်မာတို့ရဲ့နှစ်သစ်မင်္ဂလာအခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်း၊ မျှဝေလှူဒါန်းကြသော အလှူရှင်အပေါင်းနှင့် ကင်ဆာဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ပေးကြသော ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အဖွဲ့ဝင်လူကြီးများ၊ ကင်ဆာဝေဒနာရှင်များနှင့် ဝန်ထမ်းများ၊
ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၊
ရန်ကုန်၊ မန္တလေး။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်အောင်ဇော်ထွန်း ၁၂/ကမတ (နိုင်) ၀၅၀၅၈၅ နှင့် ကျွန်မ မမေသကြီန် TAV(C)0004 တို့သည် ၂၀၀၇ ခုနှစ် ဧပြီ ၂ ရက်တွင် လှိုင်သာယာမြို့နယ် ဒုတိယတရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်အောင်ဇော်ထွန်း–မမေသကြီန်။

၂၀၀၇ ခုနှစ် MBA, MPA, M.Dev.S ဝင်ခွင့် အနီးကပ်သင်တန်းစပြီ

ရုံးချိန်နှင့် ရုံးချိန်လွတ်သင်တန်းများကို ဝါရင့်အတွေ့အကြုံရှိဆရာကြီး ဆရာမကြီးများ၏ စီစဉ်ညွှန်ကြားမှုဖြင့် သင်ကြားပို့ချပေးပါမည်။

သင်တန်းစတင်မည့်ရက်	– ၂၀၀၇ခုနှစ် ဧပြီ ၁၉ ရက်
သင်တန်းချိန်	(၁) 9:00 am to 12:00 am (၂) 5:30 pm to 7:30 pm
ဆက်သွယ်ရန်	– PRIME ၃၈လမ်းပလာဇာ၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း	– ၀၉–၅၁–၉၉၆၃၁၊ ၀၉–၅၁–၉၄၂၃၆။

တိုက်ဂါ - 1
ကားမောင်းစက်ပြင်သင်တန်း
မ/ဒဂုံယာဉ်မောင်းသင်ကွင်း။U-9 ကွက်။ ☎: 09-5120483
သိမ်ဖြူအမောင်းသင်ကွင်း။ ☎: 298787, 201188
အမှတ်(၂၁၈)၊ ကျိုက္ကဆံလမ်း။ ☎: 545155, 549764

သင့်သွေးဖြင့် အသက်ကယ်ပါ

သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ် ရပ်ကွက် အောင်ဇေယျ(၁၈)လမ်း အလှူဒါယကာ ဦးကျော်အုန်း အလှူ ဒါယိကာမ ဒေါ်ခင်ခင် ပြုံး မိသားစုတို့က ကြီးမှူး၍ ၁၈လမ်း မိသားစုများ၏ ရဟန်းခံ၊ ရှင်ပြုနှင့် သာသနာ့နွယ်ဝင် သီလရှင်ဝတ်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၁၂ ရက်က ယင်းလမ်း၌ ကျင်းပရာ ရဟန်း၊ သာမဏေ၊ သီလရှင်များ သာသနာ့အမွေခံယူပြီး အလှူရှင်များနှင့်အတူ တွေ့ရစဉ်။ (၀၅၂)

ပို့ဆောင်ရေးဝန်ကြီးဌာန သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၇

အဋ္ဌမအကြိမ်မြောက် ပို့ဆောင်ရေးဝန်ကြီးဌာနရှိ အဖွဲ့အစည်းများမှ အသက်(၈၅)နှစ်အထက် မိဘ၊ အဘိုး၊ အဘွားများအား သက်ကြီးပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီက မဟာဝိဇယစေတီအနီးရှိ ပို့ဆောင်ရေးဝန်ကြီး ဌာန ဓမ္မာရုံ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီး အကဲများနှင့် ဇနီးများ၊ ကန်တော့ခံ မိဘ၊ အဘိုးအဘွားများနှင့် မိသားစုများ၊ တာဝန်ရှိဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ ပရိသတ်များက အဘိုးအဘွားများအား လက်ဆယ်ဖြာထိပ်မှာမိုး ရှိခိုးကန်တော့ကြပြီးနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်နှင့်ဇနီးတို့က အဘိုးအဘွားများအား ဂါရဝပြုပစ္စည်းများပေးအပ်ကြသည်။ **(အောက်ပုံ)** ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးတို့က ဆက်လက်ပေးအပ်ကြသည်။ ထို့နောက်အဘိုးတစ်ဦးက ဆုတောင်းပတ္ထနာ မေတ္တာပို့သ ဝမ်းမြောက်စကားပြောကြားသည်။ **(မြန်မာ့အလင်း)**

သာကေတမြို့နယ်၌ ကွန်ကရစ်လမ်းသစ်နှစ်လမ်းဖွင့်

ရန်ကုန် ဧပြီ ၁၇

သာကေတမြို့နယ် (၄)ရပ်ကွက်တောင်ပိုင်း မြို့မလမ်းမကြီးနှင့် မြို့မ(၆)လမ်း ကွန်ကရစ်လမ်းသစ်နှစ်လမ်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက ကျင်းပရာ မြို့မလမ်းမကြီးနှင့် မြို့မ(၆)လမ်း ကွန်ကရစ်လမ်းသစ်နှစ်လမ်းအား ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွှန့်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ အလှူရှင်များကိုယ်စား လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြလှိုင်နှင့် ဦးလှစိုးတို့က လက်ခံယူကြပြီး ရပ်ကွက်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းက ကျေးဇူးတင်ကစားပြန်လည်ပြောကြားသည်။ **(က–ပ)**

ဖခင်ဦးအောင်ငြိမ်း တစ်နှစ်ပြည့်နှင့် မိခင် ဒေါ်စန်းမြင့် ခြောက်လပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် တောလမ်းအမှတ်(၇၆)နေ မလေးရှားရောက် သားနှစ်ယောက်က ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက် ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်လိုင်းဖွင့်

ကျောက်ပန်းတောင်း ဧပြီ ၄

ကယားပြည်နယ်(သန်မြန်သူ) မော်တော်ယာဉ်အသင်း၏ ကျောက်ပန်းတောင်း-မိတ္ထီလာလိုင်ကော်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်ဖွင့်ပွဲနှင့် ထိန်းသိမ်းကြီးကြပ်ရေးကော်မတီရုံးဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက်က ကျောက်ပန်းတောင်းမြို့ စံပြရပ်ကွက်ဘူတာလမ်းဆုံ အဝိုင်းကြီး အနီးရုံးသစ်တွင်ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်းက ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောက်ပန်းတောင်းမြို့ လွိုင်ကော်ခရီးစဉ်မှာ ယခင်က တောင်ကြီးမြို့မှတစ်ဆင့် သွားလာခဲ့ရသဖြင့် ခရီးသည်များသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရန် လွိုင်ကော်မြို့ (သန် မြန်သူ)မော်တော်ယာဉ် အသင်းက စီစဉ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ဝဇိ၁)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် မိခင်ကြီး ဒေါ်ခင်မြင့်အားရည်စူး၍ ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ်(၂၇၀) ပထမထပ် လမ်း(၄၀)နေ သား ဦးထွန်းကျော်က အလှူငွေကျပ် တစ်သိန်း ငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လင်းခေးဆေးရုံလမ်းနှင့် ပြည်သာယာလမ်း ကတ္တရာလမ်းသစ်များဖွင့်

လင်းခေး ဧပြီ ၃

လင်းခေးမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနက ကြီးမှူး၍ လင်းခေးမြို့ ဆေးရုံလမ်းနှင့် ပြည်သာယာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၇နာရီခွဲက အဆိုပါလမ်းရှိမုခ်ဦး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးတင့်လွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူ ၅၀၀ကျော်တက်ရောက်ကြသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်လွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်လွင်နှင့် ဧည့်ပရိသတ်များက လမ်းကို ကြည့်ရှု စစ်ဆေးကြသည်။

ဆောင်ရွက်

အဆိုပါလမ်းများမှာ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၅၄ သိန်းဖြင့် ခင်းကျင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး ဆေးရုံလမ်းမှာ အရှည်ပေ ၂၀၃၀နှင့် ပြည်သာယာလမ်းမှာ အရှည်၁၅၂၈ပေ ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကုန်းဘောင်၁၁လမ်း အမှတ် ၁၀၉၈နေ ဦးအောင်နိုင်ဝင်း-ဒေါ်နီနီထွန်းတို့က သားလေး ဘုန်းသန့်နိုင်၏ နှစ်နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံ ထာဝရဘက်စုံ ငွေပဒေသာပင်အတွက် ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၃)ရပ်ကွက် စုပေါင်းအိမ်ရာ ယင်းမာမြိုင်လမ်း အမှတ်(၇၀/ခ)နေ ဦးကြည်-ဒေါ်ချိုချိုသိန်း၊ သား ဒေါက်တာထွန်းထွန်း၊ သမီးဒေါက်တာခင်သန့်စင်၊ မြေး မောင်အေးငြိမ်းကို၊ မောင်သီဟဟန်မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရုံများ ရာသက်ပန် ရွှေသင်္ကန်း ထာဝရပဒေသာပင်တစ်ပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းသဖြင့် သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

သာသနာရေးဆိုင်ရာ ဘွဲ့ရဆရာတော် ဂုဏ်ပြုပူဇော်

ပျော်ဘွယ် ဧပြီ ၈

ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ နိုင်ငံတော်က ချီးမြှင့်သော သာသနာရေးဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများရရှိခဲ့ကြသော ဆရာတော်နှစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၇ရက် ညနေ ၃နာရီက မြို့နယ်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့ရ ပြည်တော်အေးကျောင်းဆရာတော်၊ ဘဒ္ဒန္တဉာဏဓဇ၊ မဟာသဒ္ဓမ္မဇောတိကဘွဲ့ရ သန်းကုန်းကျောင်းဆရာတော် ဘဒ္ဒန္တသုမင်္ဂလဓဇ သီရိပဝရဓမ္မမဏိဇောတဓရဘွဲ့ရ ဦးမြင့်စိုးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။ **(၂၅၀)**

မြေသားလမ်းချဲ့ထွင် လုပ်ငန်းဆောင်ရွက်

ဆော့လော် ဧပြီ ၆

ဆော့လော်မြို့နေ ပြည်သူများ သွားလာရေး လွယ်ကူစေရန်အတွက် ဆော့လော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး၊ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ စုပေါင်း၍ မတ် ၃၀ရက်က မြေသားလမ်းချဲ့ထွင်ခြင်း လုပ်ငန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဟိုပုံးမြို့၌ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး

ဟိုပုံး ဧပြီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့တွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်း အခမ်းအနားကို မတ် ၁၇ရက်နံနက် ၈နာရီက မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်နှင့် မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဦးထင်ကျော်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမများက မြို့နယ်အတွင်းရှိ အသက်ကိုးလမှ ငါးနှစ်အတွင်းရှိ ကလေးငယ် ၁၁၀၈၄ဦးကို ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရပ်စောက်-ဖောင်းတောကျေးလက် ကျောက်ချောလမ်းသစ် အပိုင်း(၅)ဖွင့်

ရပ်စောက် ဧပြီ ၁၀

ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရပ်စောက်-ဖောင်းတော ကျေးလက်ကျောက်ချောလမ်းသစ်အပိုင်း(၅)ကို မတ် ၂၇ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်စောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဝင်းနှင့် အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါရပ်စောက်-ဖောင်းတော ကျေးလက် ကျောက်ချောလမ်းသည် ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သောလမ်း ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ကြံ့ခိုင်ရေး ရပ်ကွက် ဂန္ဓမာလမ်းကတ္တရာလမ်းသစ်နှင့် ကျုံကရုတ်ကျေးရွာအဝင် ဂဝံလမ်းသစ်ဖွင့်ပွဲ ကျင်းပရာ **မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို ကြည့်ရှုစဉ်။** (မြို့နယ်စည်ပင်)

ရေဦးမြို့ ဆုတောင်းပြည့်စေတီ စိန်ဖူးတော်နှင့် ထီးတော်တင်လှူ

ရေဦး ဧပြီ ၁

ရေဦးမြို့နယ် ပန်းကုန်းကျေးရွာ ဘုရားကြီး ရန်အောင်ကျောင်းတိုက်တွင် အသစ်တည်ထားကိုးကွယ်သော ဖိနပ်တော် အတောင် ၆၀၊ ဉာဏ်တော် ၄၇ တောင်ရှိသော ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား စိန်ဖူးတော်နှင့် ထီးတော်တင်လှူခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူခြင်းစသည့် ပူဇော်ပွဲအခမ်းအနားကို မတ်၂၀ရက်နံနက်က ဆုတောင်းပြည့်ဘုရား ရင်ပြင်တော်၌ ကျင်းပရာ သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော်ကြသည်။

တင်လှူပူဇော်

ပူဇော်ပွဲအခမ်းအနားတွင် ပန်းကုန်းကျေးရွာ ကမ်ဖြူ ဘုရားကြီးတိုက် ဆရာတော် ဦးမာဃိန္ဒနှင့် ဘုရားကြီး ရန်အောင်ကျောင်းတိုက် ဆရာတော်ဦးကေသရတို့ကကြီးမှူး၍ စိန်ဖူးတော်နှင့် ရွှေထီးတော်အလှူရှင် ပန်းကုန်းကျေးရွာနေ ဦးကိုကိုဦး၊ ဇနီးဒေါ်မြင့်နွယ်မိသားစုနှင့် ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ နံနက် ၈ နာရီတွင် ငွေကျုပ်ခြောက်သိန်းတန် စိန်ဖူးတော်နှင့် ရွှေထီးတော်ကို ပန်းရထားနှင့် ပင့်ဆောင် တင်လှူကြပြီး ကြွရောက်လာကြသော သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ကြသည်။

ဟောကြား

ထို့နောက် တပည့် ဒါယကာ၊ ဒါယိကာမများက ကြွရောက်လာကြသော သံဃာတော် ၃၇ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး လှူဒါန်းမှုအစုစုအတွက် ကန်ပေါက်ရွာတိုင်းသံဃာ့ဝန်ဆောင်ဆရာတော် ဦးဣန္ဒာနန္ဒက ရေစက်ချ အနုမောဒနာတရား ဟောကြားကြောင်း သိရသည်။ **(၃၇၈)**

မကွေးမြို့ အောင်ရတနာရပ်(၂၄)လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၅ရက်က အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှရှောင်နှင့် အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး

ရေတာရှည် ဧပြီ ၁၀

ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကျေးရွာ အုပ်စု စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ စိုက်ပျိုးရေး မြေစာရင်းကွင်းဝန်ထမ်းများ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၏ ၂၀၀၆–၂၀၀၇ခုနှစ် နွေစပါးစိုက်ပျိုးရေး သုံးသပ်ညှိနှိုင်း အစည်းအဝေးနှင့် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်၊ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီ၄ရက် နံနက်၁၀နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးဇေယျာက ကျေးရွာအုပ်စု တစ်ခုချင်းအလိုက် ဆောင်ရွက်နိုင်မှုအခြေအနေကို သုံးသပ် ရှင်းလင်းပြောကြားပြီး ၂၀၀၆–၂၀၀၇ခုနှစ် မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်နှင့် မိုးစိုက်ဂုန်လျှော်၊ ခြံစည်းရိုးကြက်ဆူပင်လျာထားဧကများ အပြည့်အဝ စိုက်ပျိုး ထုတ်လုပ်ရေး ဆွေးနွေးကြသည်။ **(က–ပ)**

ဌာနခွဲတွင် ဝက်သက်ရောဂါကာကွယ်ဆေးထိုး လုပ်ကိုင်နေမှုများကို လေ့လာကြည့်ရှုခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပေါင်မြို့၌ အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး

ပေါင် ဧပြီ ၁၀

ပေါင်မြို့နယ် သဲအိမ်ကျေးရွာတွင် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများကို ဂျပန်နိုင်ငံ (ဂျေစီဗွီ)အဖွဲ့ဝင် ၁၄ ဦး၊ ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးထိုးလုပ်ငန်း မန်နေဂျာ ဒေါက်တာသန်းထိန်ဝင်း၊ ယူနီဆက်မှ ဒေါက်တာ သက်ဝေလှိုင်နှင့် အဖွဲ့ဝင်များ မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက လာရောက်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

အဆိုပါလေ့လာရေးအဖွဲ့ဝင်များသည် ညနေ၃နာရီက ပေါင်မြို့နယ် ပန်းကုန်းကျေးရွာရှိ ကျေးလက်ကျန်းမာရေး

မြို့နယ် သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၄ ရက် ၁၉–၄–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၅ ဟောပြောချက် (ကျောက်ဆည် ဆင်အက ပြိုင်ပွဲဝင် နည်းစနစ်များ)

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (လိမ္မော်ပြုစုပျိုးထောင်နည်းနှင့် ဖြန့်ဖြူးရောင်းချမှုအကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) သင့်ဘဝကို ပြောင်းလဲပစ်နိုင်မည့် နည်းလမ်းခြောက်ဆယ် (ခင်စောတင့်)
(၂) သာလွန်ဒသမတန်း–အင်္ဂလိပ် မီးနင်းများ(ဦးတင့်ဝင်းနိုင်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (သတ္တဝါတို့၏ ဓလေ့စရိုက်–မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ (ကျောက်ကျောနှင့် ဆေးကုလားမ)

၁၂း၄၀ ကျန်းမာရေးရာ ပြန်ကြားလွှာ

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၆း၄၅ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (ပဲခူးတိုင်း၊ ကေတုမတီမြို့မှ စံချိန်မီ ဝါးတူထုတ်လုပ်မှုအကြောင်း)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတကမ္ဘာ

၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) သကြိန်ပြီးရင် မေ့မသွားနဲ့ (ဇေယျာပွင့်)
(၂) ပိတောက်ပွင့်တိုင်း သတိရတယ် (ချိုပြုံး)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဇာတ်လမ်းပမာ နားဆင်စရာ (ပိုက်ကိုတိုးသောယုန်)

၁၉း၃၀ ခေတ်မရွေးသော တေးများ
(၁) လွမ်းငွေ့ဝေဝေ (ဖြူသီ)
(၂) မန်းမြို့သူဇာမေ (ဝင်းဦး)
(၃) ချမ်းမြေ့ပါစေ (နီနီဝင်းရွှေ)

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မေတ္တာဆိုတာခွင့်လွှတ်ခြင်း (ကိုတင်ဝင်း)
(၂) မျှော်လင့်လင့်ခုတိုင် (နိုင်နိုင်မော်)
(၃) အလှပျက်မယ် မိန်းကလေး (စိန်မောင်မြင့်)

ဦးကျော်မင်း(ဘ)ဦးစိုးမြင့်၊ ဦးမောင်မောင်လေး၊ ဒေါ်မေရီခင်၊ ၎င်းတို့၏ တရားရုံးချုပ်ရှေ့နေ ဦးတင်မောင်ကြီး၊ ဦးသိန်းဇော်ညွှန့်နှင့်

အများသိစေရန် သတိပေးကြေညာခြင်း

(၁) စင်ထရယ်(လ်)မယ်ဒီကယ်(လ်)ဆားဗစ်စစ်ကုမ္ပဏီလီမိတက်၏ လက်ရှိ အုပ်ချုပ်လျက်ရှိသော ဒါရိုက်တာအဖွဲ့အနေဖြင့် ကုမ္ပဏီလုပ်ငန်းများကို စနစ်တကျ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ကုမ္ပဏီ၏ အကျိုးစီးပွားကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

(၂) ကုမ္ပဏီ၏ ဒါရိုက်တာများအဖြစ် ရပ်တည်မှုဖြင့် ပတ်သက်၍လည်း ရန်ကုန်တိုင်း တွဲဖက်တိုင်း(၁၃)ရုံးတော်တွင် စစ်ဆေးဆဲဖြစ်သည့်အပြင် ကုမ္ပဏီပိုင် ငွေကြေးပစ္စည်း၊ ဝင်ငွေနှင့် စာရင်းဇယားများကို အခြားသူများထံသို့ အမှုအတောအတွင်း လွှဲပြောင်းခြင်း၊ အလွဲသုံးစား ပြုခြင်း၊ ရောင်းချခြင်းမပြုရန် အမိန့်ချမှတ်ထားသဖြင့် ယင်းကိစ္စဖြင့် ပတ်သက်၍ အရေးဆိုတောင်းခံပိုင်ခွင့်မရှိပါ။

(၃) ဦးကျော်မင်း (ဘ) ဦးစိုးမြင့်၊ ဦးမောင်မောင်လေး၊ ဒေါ်မေရီခင်တို့ကို စင်ထရယ်(လ်) မယ်ဒီကယ်(လ်)ဆားဗစ်စစ် ကုမ္ပဏီလီမိတက်၏ တရားဝင် ဒါရိုက်တာအဖွဲ့ဖြစ်ကြောင်း မည်သည့်တရားရုံးကမျှ အမိန့်ချမှတ်ထားခြင်းမရှိပါ။

အထက်ပါ အကြောင်းများကြောင့် ဦးကျော်မင်း (ဘ)ဦးစိုးမြင့်၊ ဦးမောင်မောင်လေး၊ ဒေါ်မေရီခင်၊ ၎င်းတို့၏ တရားရုံးချုပ်ရှေ့နေ ဦးတင်မောင်ကြီး၊ ဦးသိန်းဇော်ညွှန့်တို့အနေဖြင့် ရန်ကုန်တိုင်းတရားရုံး တွဲဖက်(၁၃) ရုံးတော်၏ တရားစီရင်ရေး ယန္တရားကို ဝင်ရောက်စွက်ဖက်သည့်အနေဖြင့် သတင်းစာတွင် ကြေညာခြင်း၊ လက်ရှိဒါရိုက်တာအဖွဲ့ထံ အကြောင်းကြားစာပေးပို့ခြင်း စသည့်ပြုလုပ်ခြင်းများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။ **ဒေါက်တာထင်ပေါ်၊ ဦးသိန်းထွန်း၊ ဒေါ်ရီရီငွေးတို့၏ ညွှန်ကြားချက်အရ–**

ဒေါ်လှလှဝေ(တရားရုံးချုပ်ရှေ့နေ)

အမှတ်၅၅၊ တတိယထပ်၊ အခန်း၂၈(အေ)၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

ရက်စွဲ– ၂၀၀၇ခုနှစ် ဧပြီလ ၁၁ ရက်

တင်ဒါများ ဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာ ဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်၊ သန်လျင်နှင့် မော်ဘီတို့တွင် တည်ဆောက်မည့် သုံးထပ် ကျောင်းဆောင်သစ် တစ်လုံးစီ ဆောက်လုပ်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့်တန်ဖိုးကို (B.Q)နှင့် တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာနည်းပညာ တက္ကသိုလ်မှ အကူအညီရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန်အချက်အလက်များကို အောက်ပါ လိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်–

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
ရုံးအမှတ်(၂၀)၊ နေပြည်တော်။
ဖုန်း–၀၆၇–၄၀၄၀၁၅၊ ၄၀၄၄၅၆

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

GRACE TRAINING AND SERVICE CENTRE

ခရုဇ်သင်္ဘော၊ ဧည့်ဂေဟာနှင့် ဟိုတယ်လုပ်ငန်းများ၌ ... အမြန်သင်တန်း

လက်တွေ့ဦးစားပေးစနစ်တစ်လအပြတ်

လုပ်သက်ရင့်ဆရာများ ဦးစီးသင်ကြားသည်။ ပြည်တွင်း/ပြည်ပ (SHORE JOBS) များတွင် PROFESSIONAL ဖြစ်စေရမည်။

(ပစ္စည်းကိရိယာစုံလင်စွာဖြင့် လက်တွေ့သင်သည်။)

23.4.2007 တန်းခွဲသစ်စမည်။ 11:00 နာရီမှ 1:00 နာရီ

(သင်တန်းခန်းမ) အမှတ် (၆၉)၊ ဗိုလ်စိန်မှန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့(၆-ထပ်ကြီးမှတ်တိုင်အနီး)။ ☎ 707956

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၁၁၅၉၈ ယာဉ်အမျိုးအစား ဟွန်ဒါဒရင်း လက်ဝယ်ရှိသူ ဦးဆန်းမြင့်ဦး မှတ်ပုံတင်အမှတ်၁၂/ကတတ(နိုင်) ၀၁၈၉၇၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ရှေ့တန်းရုံး)အောင်ပန်း။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်း တစ်တွင်းတူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကိုမည်သူမဆိုကန့်ကွက်လိုပါကကြော်ငြာပါသည့်နေ့မှစ၍ ၁၄ရက် ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မြေအောက် ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူ	ဒေါ်သင်းသင်း
အမည်နှင့်နေရပ်လိပ်စာ	အမှတ်၁၅၊အင်းလျား မြိုင်လမ်း၊ဗဟန်းမြို့နယ်
တူးဖော်မည့်နေရာ	၉၄–B
မြေကွက်အမှတ်	၁–၂ A²
မြေတိုင်းရပ်ကွက်အမှတ်	၃၆ ဂျီ

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ (ရုံးချုပ်)။

နိုင်ငံတော်ဩဝါဒါစရိယနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ပြီး ပရိတ်ရေစင်များသွန်းဖျန်း

နေပြည်တော် ဧပြီ ၁၇

၁၃၆၉ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါတော်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားပြည်သူများအားလုံးနှင့် ဝေနေယျသတ္တဝါများ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ တိုးပွားစေရန်၊ အန္တရာယ်ခပ်သိမ်း ဘေးခပ်သိမ်းတို့ ကင်းငြိမ်းစေရန်အတွက် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်း၊ ပရိတ်ရေစင်များဖြင့် တပ်မတော်ရဟတ်ယာဉ်ပေါ်မှ သွန်းဖျန်းခြင်းတို့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ ပြုလုပ်သည်။

ပရိတ်ရေစင်သွန်းဖျန်း

အစီအစဉ်အရ နေပြည်တော် ပေါင်းလောင်းရဟတ်ယာဉ်ကွင်းမှ နံနက် ၇ နာရီတွင် စတင်ထွက်ခွာသည့် တပ်မတော်ရဟတ်ယာဉ်ဖြင့် နိုင်ငံတော်ဩဝါဒါစရိယ မြသိန်းတန်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘနနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရ စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသတို့ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးကိုးပါးတို့သည် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြပြီး အမျှပေးဝေကာ ပရိတ်ရေစင်များကို သွန်းဖျန်းပေးကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်တို့က ပရိတ်ရေစင်များကို တပ်မတော်ရဟတ်ယာဉ်ပေါ်မှ သွန်းဖျန်းပေးကြသည်။ **(သတင်းစဉ်)**

ဘုရားဖူးများ စည်ကား

၁၃၆၉ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့က ရွှေတိဂုံစေတီ တော်ရင်ပြင်တွင် ဘုရားဖူးပြည်သူ များ ဤသို့ အထူးစည်ကားလျက် ရှိသည်ကို တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

ဘေးမဲ့လွှတ်

သာသနာရေးဝန်ကြီးဌာန၏ ၁၃၆၉ခုနှစ် နှစ်သစ်မင်္ဂလာ အခါတော် အဘယဒါန ဇီဝိတဒါန သက်လွှတ်ပူဇော်ပွဲအဖြစ် ငါးများကို ဘေးမဲ့လွှတ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာအခါသမယ ကုသိုလ်ပုညကောင်းမှုပြုကြသူများနှင့် တရားဓမ္မသံများလွှမ်းခြုံ

ရန်ကုန် ဧပြီ ၁၇

ယနေ့သည် မြန်မာနှစ်ကောဇာသက္ကရာဇ် ၁၃၆၉ခုနှစ်၏ နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ နှစ်သစ်မင်္ဂလာ အခါတော်နေ့လည်းဖြစ်ရာ ကမ္ဘာသူကမ္ဘာသားများ အနိဋ္ဌာရုံများပပျောက်ပြီး ဣဋ္ဌာရုံအပေါင်းနှင့်ပြည့်စုံကြရန်၊ ဘေးဥပဒ်အန္တရာယ်ကင်းဝေးကြစေရန်၊ မကောင်းသောစိတ်ဓာတ်များကို ဖယ်ရှားပြီး ကောင်းသောစိတ်ဓာတ်များကို မွေးမြူကြစေရန်၊ အရှက်၊ အကြောက် လောကပါလတရားနှစ်ပါး ထွန်းကားကြစေရန်၊ ဗြဟ္မဝိဟာရ တရားလေးပါး ထွန်းကားပြန့်ပွားစေရန်နှင့် မင်္ဂလာတရားတော်များ ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ နှစ်သစ်မင်္ဂလာအခါတော်နေ့ကို မြန်မာနိုင်ငံတစ်ဝန်း၌ ခမ်းနားစွာကျင်းပကြသည်။

အလားတူ ယနေ့နှစ်သစ်မင်္ဂလာ အခါသမယတွင် ရန်ကုန်မြို့ရှိ မြို့နယ်၊ ရပ်ကွက်၊ လမ်းများနှင့် ရုံးဌာနများ၊ နေအိမ်များ၌ နှစ်သစ်မင်္ဂလာ အခါတော်ပွဲများ၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ပရိတ်တရားတော်များနှင့် အန္တရာယ်ကင်း ကမ္မဝါဖတ်ပွဲများကျင်းပခြင်း၊ အသက် ဂုဏ်ဝါကြီးမြင့်သူ ဘိုးဘွားများအားပူဇော်ကန်တော့ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု ပြုစုပေးခြင်းဖြင့် ကုသိုလ်ယူခြင်း၊ ဘုရားစေတီပုထိုး ကျောင်းကန်ဓမ္မာရုံတို့၌ ဒါန၊ သီလ၊ ဘာဝနာပွားများစောင့်ထိန်းကြခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ပူဇော်ကြခြင်း၊ ရဟန်း၊ ရှင်လူပြည်သူများအား စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ဇီဝိတဒါနအဖြစ်

စာမျက်နှာ ၁၁ ကော်လံ ၁

ကုသိုလ်ယူ

၁၃၆၉ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့က နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် ဘိုးဘွားများ အား ခေါင်းလျှော်၊ လက်သည်း ခြေသည်းညှပ်ပေးခြင်းဖြင့် ကုသိုလ် ယူကြစဉ်။

ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

18-4 (20) 1 4/18/07, 1:59 PM